မဃ္ဃာဝိုင်

# ရှင်ကျင့်ဝတ်

နှင့်

# ဒုလ္လဘရဟန်းကျင့်ဝတ်အစုံ





၁၁၁

၁၉၆၄

ပဲခူးမြို့

သာသနမဏ္ဍိုင်ပါဠိတက္ကသိုလ်

အမြဲတမ်း ကထိက

သာသနဓဇ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပဥ္စမကျော်

အရှင်ဓမ္မဿာမိဘိဝံသ ၏

# မဏ္ဍိုင်ရှင်ကျင့်ဝတ်

နှင့်

# ဒုလ္လဘရဟန်းကျင့်ဝတ်အစုံ


သာသနာရေးဦးစီးဌာန
၁၁ ကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်



ဝံသာနု ဦးပျိုင် သို့ မညွန့်

ဧရာဝဏ် ဆင်တံဆိပ်

သင်္ကန်းပရိက္ခရာနှင့် ပိဋကတ်စာအုပ်ဆိုင်

အမှတ် ၁၃-၆၊ ရွှေတိဂုံဘုရားခြေတော်ရှိ ဒဂုံ၁၁တိုက်

ရန်ကုန်မြို့

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၆၄၉၀)

ပဌမအကြိမ် အုပ်ရေ ၅၀၀၀

အဖိုး ၁-ကျပ်

၁၉၇၃-ခု၊ အောက်တိုဘာလ

၂၊၄၃ မူပိုင်

ဒေါ်ညွန့်

ထုတ်ဝေသူ။ ။ဝံသာနုဦးပျိုင် (မြ ၀၁၉၂) ဝံသာနုဦးပျိုင် စာအုပ်ဆိုင်
အမှတ် ၅-၆၊ ရွှေတိဂုံဘုရား ဈေးတော်ရှု၊ ရန်ကုန်မြို့။

သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁) သင့်ဘဝပုံနှိပ်တိုက်
၁၇-မသွကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

၂၉၄.၃၁၁
ဓ၃၁
၁၉၉၄၃



သင့်ဘဝ ပုံနှိပ်တိုက်
၁၇၊ မသွကုန်းလမ်း၊ ကျောက်မြောင်း
ရန်ကုန်မြို့

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| နိဒါန်း | .... | .... | ၁ |
| ပဏ္ဏာမနှင့် ပဋိညာဉ် | .... | .... | ၄ |
| ရှင်ကျင့်ဝတ် | .... | .... | ၅ |
| ရှင်ပြုခန်း | .... | .... | ၅ |
| ရှင်ကျင့်ဝတ်ခန်း | .... | .... | ၁၀ |
| ပစ္စည်း ၄-ပါး ဆင်ခြင်ရန် | ... | .... | ၁၀ |
| လိင်ဆယ်ပါး ပါဠိအနက် | .... | .... | ၁၃ |
| ဒဏ်ဆယ်ပါး ပါဠိအနက် | .... | .... | ၁၅ |
| သေခိယ ပါဠိ | .... | .... | ၁၆ |
| သေခိယ အနက် | .... | .... | ၂၄ |
| ခန္ဓကဝတ် ပါဠိအနက် | .... | .... | ၃၃ |
| ဒုလ္လဘရဟန်း ကျင့်ဝတ် | .... | .... | ၃၉ |
| ၂၂၇-သွယ် သိက္ခာပုဒ် | .... | .... | ၃၉ |
| ဂွတင် တေရသ ပါဠိအနက် | .... | .... | ၆၈ |
| ညဉ့်ရွတ်စဉ် | .... | .... | ၇၃ |
| နံနက်ရွတ်စဉ် | .... | .... | ၈၄ |
| ကျောင်းသားကျင့်ဝတ် ၁၁-ပါး | | .... | ၉၂ |

## အရှင်ဓမ္မဿာမိဘိဝံသ၏

### မဟာသတိပဋ္ဌာန်ဝတ္ထုတော်ကြီး (ပ၊ ဒု၊ တ) ဒက္ခိဏသာခါဘုရားသမိုင်းတော် ထွက်ပေါ်လာတော့မည်။

---

### ဝံသာနုဦးပျိုင်ဆိုင်မှ

လောကီ လောကုတ္တရာ ကျမ်းစာအုပ် အမျိုးမျိုးတို့ကို
အဘိုးနှုန်း ချိုသာစွာဖြင့် ရနိုင်ပါသည်။
ရပ်ဝေးမှ မှာယူပါက (ဗီပီပီ)နှင့် တင်ပို့ပေးပါသည်။

နတ်လမ်းညွှန် ဠိကာကျမ်းကြီး
ဒီပဲယင်း ဦးပညာဝံသရေး သရုပ်ခွဲသဂြိုဟ်
ဗုဒ္ဓဝင်ဝတ္ထု မူဟောင်း
ဘုရားကိုးဆူ ပူဇော်နည်းစာတမ်း
ဆရာတော်ဦးဗုဓ်ရေးသားသော ဒါနဖလပ္ပတ္တိကျမ်း
သီလဖလပ္ပတ္တိကျမ်း၊ ဘာဝနာဖလပ္ပတ္တိကျမ်းများ
ကျပင်းဘုန်းတော်ကြီး တရားစာ (ပ၊ဒု)
သုခဝတီ ယပ်လှဲ့တရားစာ
သင်္ဂါယနာတင် အဆက်ပြကျမ်း
လောကီမှတ်ပုံနည်းမျိုးစုံကျမ်း
နာခံတော် မောင်တာနေ (ပ၊ဒု)
သူငယ်နာ မကြာကုထုံးကျမ်းနှင့် ပကိဏ္ဏကဆေးကျမ်း
ပရမတ္ထလက္ခဏာဆောင်သော ခြောက်လုံး ဋီကာအဖြေကျမ်း
ရေစက်ချ ဆုတောင်းအမျိုးမျိုး



# နိဒါန်း

## ခေတ် ၂ ခေတ်

ရှေးခေတ်။ ရှေးခေတ်က ဆိုလျှင် မြန်မာပြည်၏ စီးပွားရေးသည် အတော်လေး သာယာစိုပြေခဲ့သည်၊ သားသမီးများ အိမ်ထောင် ကျပြီး နောက်၌ပင် မိဘများက ကျွေးမွေး ထားနိုင်ကြသည်၊ စီးပွားရေးမှာ အထူးပင်တည်ငြိမ်မှုရှိလှပါသည်။

အသက် ၄၀-ကျော် လျှင်ပင် ဘုရားတကာ, ကျောင်းတကာ, ဇရပ်ဘကာများ ဖြစ်နေကြပေပြီ၊ ရှေးလူကြီးမိဘများ တည်ဆောက်ခဲ့သော ကျောင်း,ကန်, ဘုရားများကို ကြည့်ခြင်းဖြင့် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ဖြစ်ရပါတော့သည်။

ရှေးခေတ်ဟောင်းက သားသမီးများကား စီးပွားရေးနှင့် သူတို့နှင့် ဘာမျှ မဆိုင်ကြပါ၊ မိဘ လုပ်စာကိုသာ ထိုင်စားခဲ့ကြရသည်၊ ဗုဒ္ဓ ဘာသာဝင် သူတော်စင် သူတော်ကောင်း သူတော်မြတ်တို့၏ အစဉ်မပြတ် ဆင်းသက် လာခဲ့သော ထုံးစံတရပ်ကား ယောကျ်ားလေး မှန်သမျှ ဘုန်းကြီးကျောင်းမှာ စာသင်ပြီး အချိန်တန်လျှင် အနည်းဆုံး တဝါတော့ သင်္ကန်းဝတ်ရိုး ရှိခဲ့ကြပါသည်။ စေတနာ, သဒ္ဒါတရား ကောင်းသူများကား အမိ အတွက် တဝါ, အဖအတွက် တဝါ, ကိုယ့်အတွက်တဝါ ရည်မှန်းပြီး ၃-ဝါအထိ ဝတ်တတ်ကြပါသည်။

ထိုခေတ်ထိုအခါက ရှင်လောင်း၊ ရဟန်းလောင်းများမှာ သာသနာတော်နှင့် နီးစပ်ခဲ့ကြ၍ ရှင်ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များနှင့်လည်း အကျွမ်းတဝင် ခင်မင်ခဲ့ပြီး ဖြစ်ကြပါသည်။

**မျက်မှောက်ခေတ်။** ယခုမျက်မှောက်ခေတ်တွင်ကား (ဒုတိယ ကမ္ဘာစစ်နှင့် ပြည်တွင်းစစ်တို့၏ ဒဏ်ကြောင့် အဖက်ဖက်က ယိုယွင်းပျက်ပြားခဲ့သော) အမိမြန်မာပြည်ကို ဆိုရှယ်လစ်စီးပွားရေး စံနစ်ဖြင့် ထူထောင်နေခိုက်ဖြစ်ပါသည်၊ သားသမီးများကို ကြီးပြင်းလာသည့်အထိ ကျွေးမွေး စောင့်ရှောက်ပြီး ပညာသင်ပေးနိုင်သော မိဘဦးရေမှာ မများလှသေးပါ၊ သားသမီးများပါ ဝိုင်းလုပ်ဝိုင်းစား မိဘများက အဆမတန် ပေါများနေပါသေးသည်။ သားသမီးများကိုလည်း ဘုန်းကြီးကျောင်းများမှာ သိပ်မထားကြတော့ပါ။

ယနေ့ လူငယ်ထု တရပ်လုံးကို ခြုံကြည့်လိုက်လျှင် သာသနာတော်နှင့် အဆက်ပြတ်ပြီး သာသနာ့ယဉ်ကျေးမှုများ ပျောက်ကွယ်နေတာကို တွေ့မြင်နေရပါသည်။

စာမေးပွဲကြီးပြီးသဖြင့် ကျောင်းပိတ်ထားစဉ် အခိုက်မှာ ကျောင်းဆရာများနှင့် ကျောင်းသားလေးများမှာ ကဗျာကရာ ကျောင်းပြေးလာပြီး (၇)ရက်ခန့် ဒုလ္လဘရဟန်း ဒုလ္လဘကိုရင်လာဝတ်ကြတာကိုလည်း တွေ့မြင်နေရပါသည်။

သာသနာတော်နှင့် အဆက်ပြတ်ခဲ့သဖြင့် သာသနာ့ယဉ်ကျေးမှုများကိုလည်း နားမလည်ရှာကြပါ၊ ရှင်ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များကိုလည်း နားမလည်ရှာကြပါ။

သို့ဖြစ်ပါ၍ ထိုဒုလ္လဘကိုရင် ဒုလ္လဘရဟန်းတော်များ မိမိတို့ ကျင့်ရမည့် ရှင်ကျင့်ဝတ်, ရဟန်းကျင့်ဝတ်များကို အလွယ်တကူ သိရှိနားလည်ပြီး ကျင့်ကြံနိုင်ကြ ပါစေ, ကျင့်ကြံနိုင်ကြသဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် အထိ အကျိုး ရှိကြ ပါစေ ဟူသော ကောင်းမြတ်သော စိတ်ထားဖြင့် "မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘ ရဟန်းကျင့်ဝတ်" ကျမ်းကို ရေးသားရပါသည်။

အရှင်ဓမ္မသာမိဘိဝံသ

၁၃၃၄-ခု တပေါင်းလ

## ပဏာမနှင့် ပဋိညာဉ်

သမဏာ’ သမဏာ’ သိက္ခာ၊
သိက္ခာ သိက္ခာ ပဒံ ဝရံ။
ကဿံ ဗုဒ္ဓေန ပညတ္တံ၊
ဝန္ဒိယ ရတနတ္တယံ။

အဟံ=ပဲခူးမြို့ သာသနမဏ္ဍိုင် ပါဠိ တက္ကသိုလ် ကျောင်းတိုက် တာဝန်ခံ စာချ အမြဲတမ်း ကထိက **ဓမ္မသာမိဘိဝံသ** နာမသမုတ် အကျွန်ုပ်သည်။

ရတနတ္တယံ=ဘုရား တရား သံဃာအားဖြင့် သုံးပါး သတ်မှတ် ရတနာမြတ်ကို။

ဝန္ဒိယ=ရှိသေမြတ်နိုး ရှိခိုးပြီး၍။

ဗုဒ္ဓေန=သုံးလူထွတ်ထား မြတ်ဘုရားသည်။

ပညတ္တံ=အာဏာတော်သတ် မိန့်တော်မှတ်၍ ပညတ်တော်မူအပ်သော။

ဝရံ=မြတ်သော။

သမဏာ သမဏာ သိက္ခာ သိက္ခာ သိက္ခာပဒံ=ရဟန်းတော်များ မကျင့်ရ, ကျင့်ရသော ရှင်ကျင့်ဝတ်, သာမဏေများ မကျင့်ရ, ကျင့်ရသော ရဟန်းကျင့်ဝတ် သိက္ခာပုဒ်တော်မြတ်ကို။

ကဿံ=ရေးသားစီရင်ပေအံ့။

# မင်္ဂလာရှင်ကျင့်ဝတ်

## ရှင်ပြုခန်း

### ဆရာ့ထံ သင်္ကန်းအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

အနက်။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်းအကျိုးငှါ။ ဣမံကာသာဝံ၊ အကျွန်ုပ်လက်၌ ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန်ဘုရား။

## ဆရာ့ထံမှ သင်္ကန်းတောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

**အနက်**။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်းအကျိုးငှါ။ ဧတံ ကာသာဝံ၊ အရှင်ဘုရား လက်တော်၌ ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် ဘုရား။

---

## သရဏဂုံ တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

**အနက်**။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ကျွတ်လွတ်

ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ဒုတိယံပိ၊ နှစ်ကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တတိယံပိ၊ သုံးကြိမ်မြောက်လည်း။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ် လွတ် ပါရ ခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

---

## သာမဏေရ သီလ ဆောက်တည်ပုံ
## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ဘုရားရှိခိုးပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆို)

## သရဏဂုံ ဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ တရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## သီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

## ဥပဇ္ဈာယ်ယူပုံ

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (သုံးခေါက်ဆို)

အနက်။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးအပြစ်ငယ်ကိုကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ် ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

(ဆရာ) ပါသာဒိကေန သမ္ပာဒေထ။ (ပါသာဒိကေန၊ ကြည်ညိုဘွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်။ တိဝိဓသိက္ခံ၊ သိက္ခာသုံးရပ် သာသနာတော် မြတ်ကို။ သမ္ပာဒေထ၊ ပြည့်စုံစေကုန်လော့)။

(ဝန်ခံရန်) အာမ ဘန္တေ (ဘန္တေ၊ အရှင်မြတ်ဘုရား။ အာမ၊ ပြည့်စုံစေပါမည်ဘုရား)။

## ရှင်ကျင့်ဝတ်ခန်း

### သင်္ကန်းဝတ်ရုံရာ၌ ဆင်ခြင်ရန်

၁။ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသ ဝါတာတပ သရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

**အနက်**။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသမကသ ဝါတာတပ သရီသပသမ္ဖဿာနံ၊ မှက်,ခြင်,ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံဧဝ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

### ဆွမ်းစားရာ၌ ဆင်ခြင်ရန်

၂။ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ၊ ယာပနာယ၊ ဝိဟိံသူပရတိယာ၊ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ

ပဋိသင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

**အနက်**။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဒဝါယ၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲပါ။ မဒါယ၊ လက်ဝှေ့ လက်ပန်းသည်-စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှါ။ နပဋိသေဝါမိ၊ မမှီဝဲပါ။မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်းဆာမ တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှါ။ နပဋိသေဝါမိ၊မမှီဝဲပါ။ ဝိဘူသနာယ၊ ကျွမ်းသမား ကချေသည်တို့ ကဲ့သို့ အသား အရေ ဖြည့်ဖြိုးခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဣမဿ ကာယဿ၊ ဤရူပကာယ၏။ ယာဝ ဌိတိယာ ဧဝ၊တည်ရုံငှါ သာလျှင်။ ယာဝ ယာပနာယဧဝ၊ မျှတရုံငှါသာလျှင်။ ယာဝ ဝိဟိံသူပရတိယာ ဧဝ၊ ပင်ပန်းခြင်း ငြိမ်းရုံ ငှါ သာလျှင်။ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယဧဝ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ရုံငှါ သာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဣတိ ဣမိနာပိဏ္ဍပါတပဋိသေဝနေန၊ ဤသို့ ဆွမ်း ကို မှီဝဲ သဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲ ဝေဒနာကို လည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲ ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။ ယတြာစ၊ မျှတခြင်းသည်လည်းကောင်း။ အနဝဇ္ဇတာစ၊ အပြစ်မရှိခြင်း သည်လည်းကောင်း။ ဖာသု

ဝိဟာရောစ၊ ချမ်းသာစွာ နေရခြင်း သည်လည်းကောင်း၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

### ကျောင်း အိပ်ရာ နေရာ၌ ဆင်ခြင်ရန်

၃။ ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ။

အနက်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာနေရာကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါ သာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပသမ္ဖဿာနံ၊ မှက်,ခြင်,ယင်, လေ,နေပူ, မြွေ,ကင်း,သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ သေနာသနံ၊ အိပ်ရာ, နေရာကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ ဧဝ၊ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း, ကိန်းအောင်း မွေ့လျော်ခြင်း အကျိုးငှါသာလျှင်။ သေနာသနံ၊ အိပ်ရာ, နေရာကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## ဆေးပစ္စည်းမှီဝဲရာ၌ ဆင်ခြင်ရန်

၄။ ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝ ဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။

**အနက်**။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက်, အသက်၏ အရံ အကာ တန်းဆာ အဆောက်အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော။ ဝေယျာဗျာဓိကာနံ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ယာဝ အဗျာပဇ္ဇ ပရမတာယ ဧဝ၊ အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်းအကျိုးငှါသာလျှင်။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက်, အသက်၏ အရံအကာ တန်းဆာ အဆောက်အဦ ဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

## လိင်ဆယ်ပါး ပါဠိ—အနက်

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။ ပါဏာတိပါတီ ဟောတိ။ အဒိန္နာဒါယီ ဟောတိ။ အဗြဟ္မစာရီ ဟောတိ။ မုသာဝါဒီ ဟောတိ။ သုရာမေရယမဇ္ဇပါယီ ဟောတိ။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။ ဓမ္မဿ အဝဏ္ဏံ ဘာသတိ။ သံဃဿ အဝဏ္ဏံ

ဘာသတိ။ မစ္ဆာဒိဋ္ဌိကော ဟောတိ။ ဘိက္ခုနိဒူသကော ဟောတိ။ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

အနက်။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊ မှားသောအယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

လိင်ဆယ်ပါး ပါဠိ-အနက် ပြီး၏။

## ဒဏ်ဆယ်ပါး ပါဠိ—အနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ ဝိကာလဘောဇနာ ဟောတိ။ နစ္စဂီတဝါဒိတ ဝိသူကဒဿနာ ဟောတိ။ မာလာ ဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာ ဟောတိ။ ဥစ္စာသယန မဟာ သယနာ ဟောတိ။ ဇာတရူပ ရဇတပဋိဂ္ဂဟဏော ဟောတိ။ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ။ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ။ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ။ ဘိက္ခူ အက္ကောသတိ၊ ပရိဘာသတိ။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ။ ဣမေဟိခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

**အနက်**။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်–ရေဒဏ်ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဝိကာလဘောဇနာ၊ နေလွဲညစာ စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ နစ္စဂီတဝါဒိတ ဝိသူကဒဿနာ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာ၊ ပန်း ပန်ခြင်း, နံ့သာ လိမ်းခြင်း, နံ့သာပြောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာသယန မဟာ သယနာ၊ မြင့်သောနေရာ, မြတ်သော နေရာတို့၌ နေလေ့

ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတပဋိဂ္ဂဟဏော၊ ရွှေ, ငွေ, ဒင်္ဂါး ပိုက်ဆံကို ကိုင်ခံလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနှံ၊ ရဟန်းတို့အား။ အလာဘာယ၊ လာဘ်မရစိမ့်သော ငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခုနှံ၊ ရဟန်းတို့အား။ အာဝါသာယ၊ နေရာမရစိမ့်သောငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခုနှံ၊ ရဟန်းတို့အား။ အနတ္ထာယ၊ အကျိုးမဲ့ ဖြစ်စိမ့်သော ငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူ၊ ရဟန်း တို့ကို။ အက္ကောသတိ၊ဆဲရေး၏။ ပရိဘာသတိ၊ခြိမ်းခြောက်၏။ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊တပါးသော ရဟန်းတို့နှင့်၊ ဘေဒေဟိ၊ ကွဲပြားအောင် ကုန်းတိုက်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤအကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂ တဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍ ကမ္မံ၊ သဲဒဏ်, ရေဒဏ် ပေးခြင်းအမှုကို။ ကာတုံ၊ ပြုအပ်၏။

ဒဏ် ၁၀-ပါး ပါဠိအနက် ပြီး၏။

---

## သေခိယပါဠိ

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ
ဥဒ္ဒေသံ အာဂစ္ဆန္တိ။

### ပရိမဏ္ဍလ ဝဂ်

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။
၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။
၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရာယရေ နိဿိဒိယာမိတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

---

## ဥဇ္ဇဂ္ဃိက ဝဂ်

၁၁။ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၁၂။ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၁၃။ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၁၄။ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

---

ခမ္ဘကတ ဝဂ်

၂၁။ န ခမ္ဘကတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၂။ န ခမ္ဘကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၃။ န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၄။ န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၅။ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၆။ န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၈။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

---

## သက္ကစ္စ ဝဂ်

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃။ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄။ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅။ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇။ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၈။ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

---

ကဗဠ ဝဂ်

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂။ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၄။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၅။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၆။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၇။ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၈။ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၉။ န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၀။ န စပု စပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

---

## သုရုသုရု ဝဂ်

၅၁။ န သုရု သုရုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၂။ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၃။ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၅။ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၁၉၉၃

၅၆။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာ
မိတိ သိက္ခာ ကရဏီယာ။

၅၇။ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၅၈။ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၅၉။ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၆၀။ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

---

## ပါဒုက ဝဂ်

၆၁။ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၆၂။ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၆၃။ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၆၄။ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မိတိ သိက္ခာ ကရဏီယာ။

၆၅။ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ
ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။

၆၆။ န ဝေဋ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မီတိ သိက္ခာ ကရဏီယာ။

၆၇။ န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မီတိ သိက္ခာ ကရဏီယာ။

၆၈။ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိ
လာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၉။ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ
နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ မီတိ သိက္ခာ
ကရဏီယာ။

၇၀။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ
မီတိ သိက္ခာ ကရဏီယာ။

၇၁။ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိ
လာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိ
လာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

သေခိယပါဠိ ပြီး၏။

## သေခိယ အခန်း

အာယသ္မန္တော၊ အရှင်တို့။ သေခိယာ၊ သေခိယ အမည် ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ အကျဉ်းရွတ်ဆိုခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

### ၁။ ပရိမဏ္ဍလ ဝဂ်

၁-၂။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကိုဝတ်အံ့။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကိုရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို၊ ကရဏီယာ၊ ပြုအပ်၏။

၃-၄။ သုပ္ပဋိစ္ဆန္နော၊ လည်, လက်ကောက်ဝတ် သို့ကို ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

၅-၆။ သုသံဝုတော၊ လက်, ခြေကို မကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့၊ နိသီဒိဿာမိ၊ နေထိုင်အံ့။

၇-၈။ ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့၊ နိသီဒိဿာမိ၊ နေထိုင်အံ့၊

၉-၁၀။ ဥက္ခိတ္တကာယ၊ သင်္ကန်းကို ပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။

န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို။
ကရဏီယာ၊ ပြုအပ်၏။

ပဌမော၊ ရှေးဦးစွာသော၊ ပရိမဏ္ဍလဝဂ္ဂေါ၊
ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၂-ဥဇ္ဇဂ္ဃိကဝဂ်

၁၁-၁၂။ ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာ ရယ်လျက်။ အန္တရ
ဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။
န နိသီဒိဿာမိ၊ မနေထိုင်အံ့။

၁၃-၁၄။ အပ္ပသဒ္ဒေါ၊ ငယ်သော အသံရှိသည်ဖြစ်၍။
အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။
နိသီဒိဿာမိ၊ နေထိုင်အံ့။

၁၅-၁၆။ ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍ လှုပ်၍။
အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွား
အံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

၁၇-၁၈။ ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍ လှုပ်၍။
အန္တရဃရေ၊ ရွာတွင်း၌။ နဂမိဿာမိ၊ မသွား
အံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

၁၉-၂၀။ သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍ လှုပ်၍။
အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွား
အံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤ

သို့။ သိက္ခာ၊ သင်ခြင်း၊ ကျင့်ခြင်း၊ အားထုတ်
ခြင်းကို။ ကရဏီယ၊ ပြုအပ်၏။

ဒုတိယော၊ နှစ်ခုမြောက်သော။ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ၊
ဥဇ္ဇဂ္ဃိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃-ခန္ဓက ဘာ ဝဂ်

၂၁-၂၂။ ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရ
ဃရေ၊ ၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီ
ဒိဿာမိ၊ မနေထိုင်အံ့။

၂၃-၂၄။ ဩဂုဏ္ဌိတော၊ ဦးခေါင်းကိုခြုံလျက်။ အန္တရဃ
ရေ၌။ န ဂမိဿာမိ၊ အံ့။ န နိသီဒိဿာမိ၊ အံ့။

၂၅။ ဥက္ကုဋိကာယ၊ ဖဝါးဆုံနင်းလျက်။ အန္တရ
ဃရေ၊ ၌။ န ဂမိဿာမိ၊ မသွားအံ့။

၂၆။ ပလ္လတ္ထိကာယ၊ လက် အာယောဂဗဒ္ဓ၊ ပုဆိုး
အာယောဂဗဒ်ဘွဲ့လျက်။ အန္တရဃရေ၊ ၌။
န နိသီဒိဿာမိ၊ မနေထိုင်အံ့။

၂၇။ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂ
ဟေဿာမိ၊ ခံအံ့။

၂၈။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍ
ပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

၂၉။ သမသူပကံ၊ ဆွမ်း၏ လေးဘို့ တဘို့ ပဲနောက်
ဟင်း ပါသည်နှင့် အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။
ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

၃၀။ သမတိတ္ထိကံ၊ သပိတ်အတွင်း အနားရေးနှင့်
အမျှ။ ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။
ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

တတိယော၊ သုံးခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ၊
ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄-သက္ကစ္စဝဂ်

၃၁။ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၂။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည် ဖြစ်၍။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၃။ သပဒါနံ၊ အစဉ် အတိုင်း။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၄။ သမ သူပကံ၊ ဆွမ်း၏ လေးဘို့တဘို့-ပဲနောက် ဟင်း စသည်နှင့် အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ အံ့။

၃၅။ ထူပကတော၊ ဆွမ်းဦးမှ။ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ၊ ကို။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၃၆။ သူပံဝါ၊ ဟင်းကို၎င်း။ ဗျဉ္ဇနံဝါ၊ စားမဲ့ ဟင်းလျာကို၎င်း။ ဘိယျော ကမျတံ၊ များသည်ကို အလိုရှိသည်၏ အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ နပဋိစ္ဆာဒေဿာမိ၊ မဖုံး လွှမ်းအံ့။

၃၇။ သူပံဝါ၊ ဟင်းကိုငင်း။ ဗျဉ္ဇနံဝါ၊ ဆွမ်းကိုငင်း။ အဂိလာနော၊ မနာမဖျားဘဲ။ အတ္တနော မိမိ၏။ အတ္ထာယ၊ အကျိုးငှါ၊ ဝိညာပေတွာ၊ တောင်း၍၊ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၃၈။ ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍၊ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို။ န ဩလောကေဿာမိ၊ မကြည့်အံ့။

၃၉။ အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုတ်ကို။ န ကရိဿာမိ၊ မပြုအံ့။

၄၀။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုတ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို၊ ကရဏီယာ၊ ပြုအပ်၏။

စတုတ္ထော၊ လေးခုမြောက်သော။ သက္ကစ္စဝဂ္ဂေါ၊
သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၅-ကဗဠဝဂ်

၄၁။ ကဗဠေ၊ ဆွမ်းလုတ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဟင့်အံ့။

၄၂။ ဘုဉ္ဇမာနော၊ ဆွမ်းစားသောငါသည်။ သဗ္ဗံဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။

၄၃။ သကဗဠေနှ၊ ဆွမ်းလုဘ်နှင့် တကွသော။ မုခေန၊ ခံတွင်းဖြင့်။ နဗျာဟရိဿာမိ၊ စကားမဆိုအံ့။

၄၄။ ပိဏ္ဍုက္ခေပကံ။ ဆွမ်းလုဘ်ကိုမြှောက်၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၅။ ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုတ်ကို ကိုက်ဖြတ်၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၆။ အဝဂဏ္ဍ ကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ထား၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၇။ ဟတ္ထနိဒ္ဓုနကံ၊ လက်ကိုခါ၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၈။ သိတ္ထာဝ ကာရကံ၊ ဆွမ်းလုံးကိုကြဲ၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၉။ ဇိဝှါနိစ္ဆာရကံ၊ လျှာကိုထုတ်၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၀။ စပု စပု ကာရကံ၊ စပ်စပ်အသံကိုပြု၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

ပဉ္စမော၊ ငါးခုမြောက်သော။ ကဗဠဝဂ္ဂေါ၊ ကဗဠဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၆။ သုရုသုရုဝဂ်

၅၁။ သုရုသုရု ကာရကံ၊ ရှုပ်ရှုပ် အသံကို ပြု၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၂။ ဟတ္ထနိလ္လေဟကံ၊ လက်ကိုလျက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၃။ ပတ္တနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၄။ ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကိုလျက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၅။ သာမိသေန၊ ဆွမ်းစသော အာမိသနှင့် တကွသော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယတ္ထာလကံ၊ သောက်ရေခွက်ကို၊ န ပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။

၅၆။ သသိတ္ထကံ၊ ဆွမ်းလုံးနှင့် တကွသော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ၌။ န ဆဍ္ဍေဿာမိ၊ မစွန့်အံ့။

၅၇။ ဆတ္တပါဏိဿ၊ ထီးလက်၌ ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

၅၈။ ဒဏ္ဍပါဏိဿ၊ ဒုတ်, တောင်ဝှေး လက်၌ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို၊ န ဒေသေဿာမိ၊ မဟောအံ့။

၅၉။ သတ္ထပါဏိဿ၊ ဓားလက်နက် လက်၌ရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၀။ အာဝုပေါက်ိယာ၊ လေးလက်နက် လက်၌ရှိသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

သဒ္ဓေ ၁၊ ခြောက်ခုမြောက်သော။ သုရာသုရာဝဂ္ဂေါ၊ သုရာသုရာဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

၇။ ပါဒုကာဝဂ်

၆၁။ ပါဒုကာရူဠှသာ၊ ခြေနင်းစီးသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။

၆၂။ ဥပါဟနာရူဠှသာ၊ ဘိနပ်စီးသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို၊ န ဒေသေယျာမိ၊ အံ့။

၆၃။ ယာနဂတသာ၊ ယာဉ်စီးသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။

၆၄။ သယနဂတသာ၊ အိပ်ရာ၌ နေသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။

၆၅။ ပလ္လတ္ထိကာယ၊ လက် အာယောဂပဒ်၊ ပုဆိုး အာယောဂပဒ် ဘွဲ့လျက်။ နိသိန္နသာ၊ ထိုင်သော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို၊ န ဒေသေယျာမိ၊ အံ့။

၆၆။ ဝေဌိတသီသသာ၊ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။

၆၇။ ဩဂုဏ္ဌိတသီသသာ၊ ခြုံသော ဦး ခေါင်း ရှိသော။ အဂိလာနသာ၊ အား။ ဓမ္မ၊ ကို။ န ဒေသေယျာမိ၊ အံ့။

၆၈။ သမာဟယံ။ မြေ၌။ နိသိဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၉။ နီစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသိဒိတွာ၊ နေ၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့၊

၇၀။ ဌိတော၊ ရပ်သော ငါသည်။ နိသိန္နဿ၊ ထိုင်သော၊ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၁။ ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွာ သောငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၂။ ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၃။ အဂိလာနော၊ မနာ မဖျားသော ပုဂ္ဂိုလ်သည်။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ န ကရိဿာမိ၊ မစွန့်အံ့။

၇၄။ အဂိလာနော၊ မနာမဖျားသော ပုဂ္ဂိုလ်သည်။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာ အရပ်၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံ ဝါ၊ တံထွေးကိုရင်း။ နကရိဿာမိ၊ မစွန့်အံ့။

၇၅။ အဂိလာနော၊ မနာမဖျားသော ပုဂ္ဂိုလ်သည်၊ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံ ဝါ၊

ကျောင်းကြီးကိုရှင်း။ ပဿာဝံဝါ၊ ကျောင်းငယ်ကိုရှင်း။ ခေ
ဋ္ဌံဝါ၊ တံထွေးကိုရှင်း။ န ကရိဿာမိ၊ မစွန့်အံ့။
ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်
ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။
ပါဒုကာဝဂ္ဂေါ၊ ပါဒုကာဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။
သေခိယအနက် ပြီး၏။

## ခန္ဓကဝတ် ပါဠိအနက်

စုဒ္ဒသ ခန္ဓကဝတ္တာနိ၊နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ....အာ
ဂန္တုကဝတ္တံ၊ အာဝါသိကဝတ္တံ၊ ဂမိကဝတ္တံ၊ အနုမောဒန
ဝတ္တံ၊ ဘတ္တဂ္ဂဝတ္တံ၊ ပိဏ္ဍစာရိကဝတ္တံ၊ အာရညကဝတ္တံ၊ သေ
နာသနဝတ္တံ၊ ဇန္တာဃရဝတ္တံ၊ ဝစ္စကုဋိဝတ္တံ၊ ဥပဇ္ဈာယဝတ္တံ၊
သဒ္ဓိဝိဟာရိကဝတ္တံ၊ အာစရိယဝတ္တံ၊ အန္တေဝါသိကဝတ္တဉ္စာ
တိ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ တောနိ စ သဗ္ဗေသံ သဗ္ဗ
ဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

၁။ ဝတ္တံ အပရိပူရေန္တော၊
သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊
စိတ္တေကဂ္ဂံ န ဝိန္ဒတိ။

၂။ ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊
သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊
ဒုက္ခာ န ပရိမုစ္စတိ။

၃။ တသ္မာ ဟိ ဝတ္တံ ပူရေယျ၊
ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊
ကတွာ နိဗ္ဗာနမေဟိတိ။

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိနာမ၊ ခန္ဓကဝတ် မည်သည့် တို့ကို။ ခန္ဓကေ၊ မဟာဝါ, စူဠဝါ ခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟော တော်မူအပ်ကုန်၏။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော် မူအပ်ကုန်သနည်း ဟူမူကား....

**အာဂန္တုက ဝတ္တ** = အာရာမ်အတွင်းသို့ မဝင်မီ ဘိနပ် ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုပွင့်ခြင်း၊ ဦးခေါင်း၌ တင်သောသင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိက ရဟန်း ကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရဟန်း သာမဏေတို့ ပြုရသောဝတ်ငှင်း။

**အာဝါသိက ဝတ္တ** = အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦး ကြိုဆိုခြင်း၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ အာ ဂန္တုကရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ, ခြေဆေးအင်း

ပျဉ်စသည်ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်းသာမဏေတို့ ပြုရသော ဝတ်ငြင်း။

**ဂမိက ဝတ္တဥ္စ** = သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည် တို့ကို သိမ်းခြင်း၊ တံခါးမ, လေသာတံခါးတို့ကို ပိတ်ခြင်း၊ ပန်ပြော၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း သာမဏေတို့ ပြုရသော ဝတ်ငြင်း။

**အနုမောဒန ဝတ္တဥ္စ**=မထေရ်ကြီး တရားဟောခြင်း၊ မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း၊ ပန်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ပြုရသော ဝတ်ငြင်း။

**ဘတ္တဂ္ဂ ဝတ္တဥ္စ** = တရားဟောခြင်း၊ ရဟန်းကြီးကို တိုးဝှေ့၍ မနေမထိုင်ခြင်း၊ ရဟန်းငယ်ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားစရပ်၌ ပြုရသော ဝတ်ငြင်း။

**ပိဏ္ဍ စာရိက ဝတ္တဥ္စ** = သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း၊ သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းကိုဖွဲ့ခြင်း၊ သင်းပိုင် သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊ သေခိယနှင့်အညီ သွားခြင်း၊ မနွေးမလျင် ရွာတွင်းသို့ ဝင်ခြင်း၊ မရှည်မကြာ ရပ်ခြင်း-စသော ဆွမ်းခံ ရဟန်း သာမဏေတို့ ပြုရသော ဝတ်ငြင်း။

**အာရညက ဝတ္တဥ္စ** = သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊ မီးပွတ်ခုံ, ပွတ်ကျည်, တောင်ဝှေးထားခြင်း၊ အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်း-စသော တောနေ ရဟန်းသာမဏေတို့ ပြုရသော ဝတ်ငြင်း။

**သေနာသန ဝတ္တဥ္**=ညောင်စောင်း, အင်းပျဉ်, အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ ပရိဝုဏ်, ရေချိုး အိမ်, ဝစ္စကုဋိစသည်တို့ကို တံမြက်လှဲခြင်း-စသော ကျောင်း၌ ပြုရသော ဝတ်ရှင်း။

**ဇန္တာဃရ ဝတ္တဥ္**=ပြာကို စွန့်ခြင်း၊ တံမြက်လှဲခြင်း-စသော ချွေးထုတ်ရုံးအိမ်၌ ပြုရသော ဝတ်ရှင်း။

**ဝစ္စကုဋိ ဝတ္တဥ္**=ချောင်းဟန့်ခြင်း၊ သက်န်းတန်း၌ သင်္ကန်း ကိုတင်၍ မနှေးမလျင် ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌ နင်းမိမှ သင်းပိုကိုပင်ပင့်ခြင်း၊ ကြမ်းသော ကနုတံ စသည်ဖြင့် မသုတ်ခြင်း၊ သန့်သက်ရေ ဆေးခြင်း၊ နင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း-စသော ကျင်ကြီးအိမ် ၌ ပြုရသော ဝတ်ရှင်း။

**ဥပဇ္ဈာယ ဝတ္တဥ္**=နံနက်စောစော ထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ, ဒန်ပူ ကပ်ခြင်း၊ ယာဂု, ဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေ ရာကို သုတ်သင်ခြင်း, နေလှမ်းခြင်း, တံမြက်လှဲခြင်း, နေရာ ခင်းခြင်း-စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့် တို့က ပြုရသော ဝတ်ရှင်း။

**သဒ္ဓိဝိဟာရိက ဝတ္တဥ္**=သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း- စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသော ဝတ်ရှင်း။

**အာစရိယ ဝတ္တဥ္**=နံနက်စောစော ထ၍ ကိုယ်ဝတ်ကို

လက်ကာတော့တင်၍ မျက်နှာသစ်ရေ, ဒန်ပူကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း, နေလှမ်းခြင်း, တံမြက်လှဲခြင်း, နေရာခင်းခြင်း-စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသောဝတ်ရင်း။

**အန္တေဝါသိက ဝတ္တဥ္**...သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း-စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရသော ဝတ်ရင်း။

ဣတိ၊ ဤသို့။ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ ဤတဆယ့်လေးပါးကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တာနိစ၊ ထိုဝတ်တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်းသာမဏေတို့သည်။ သဗ္ဗဒါစ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ကျင့်ထိုက်သည်အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ်ကုန်၏။

၁။ ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်းသာမဏေသည်။ သီလံ၊ သီလကို။ နပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာနည်းသော ရဟန်းသာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

၂။ ဝိက္ခိတ္တစိတ္တော၊ လေခတ်သော တမ်းခွန်ကဲ့သို့ ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်းသာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်,ဖိုလ်,

နိဗ္ဗာန်တရားကို။ နပဿတိ၊ မမြင်ရနိုင်။ သဒ္ဓမ္မံ၊ မဂ်, ဖိုလ်,
နိဗ္ဗာန်တရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်း သာ
မဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ န ပရိမုစ္စတိ၊ မလွတ်ရနိုင်။

၃။ တသ္မာဟိ တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဝတ္တံ၊
ဝတ်ကြီး ဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ။
ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော
မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော်ကို။ ကတွာ၊ အရို
အသေပြုရသောကြောင့်။ ဝါ၊ ပြုသည်ရှိသော်။ ဝိစက္ခဏော၊
အမြော်အမြင့် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသား
တော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။

(ရှမ်းကလေးကျွန်း ဆရာတော်ဘုရားရေးသည့် ဝတ်ပိုင်းအနက်)
ခန္ဓကဝတ်ပါဠိအနက် ပြီး၏။

# ဒုလ္လဘရဟန်းကျင့်ဝတ်

## ၂၂၇-သွယ် သိက္ခာပုဒ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

### ပါရာဇိက ၄-ပုဒ်

၁။ မေထုန်မှီဝဲလျှင် ပါရာဇိက ကျသည်။

မှတ်ချက်။ “မေထုန်မှီဝဲ” ဟူသည် မာတုဂါမ (မိန်းမ) ကိုမှီဝဲမှ ပါရာဇိက ကျသည်မဟုတ်၊ ယောကျ်ား၊ တိရစ္ဆာန် အထီး၊ အမများကို မှီဝဲလျှင်လဲ ပါရာဇိကကျသည်။ ထုံးစံအတိုင်း ပဿာဝမဂ် (စပ်[illegible]ပေါက်) ကို မှီဝဲမှ ပါရာဇိက ကျသည်မဟုတ်၊ ပါးစပ်ပေါက်၊ ကြင်ကြီးပေါက်များကို မှီဝဲလျှင်လဲ ပါရာဇိက ကျသည်၊ အသက်ရှင်နေသော လူ့တိရစ္ဆာန်များကို မှီဝဲမှ ပါရာဇိက ကျသည်မဟုတ်၊ သေနေသော လူ့တိရစ္ဆာန်များ

ကို မှိုဝဲလျှင်လဲ ပါရာဇိက ကျသည်၊ ထုံးစံအတိုင်း မှိုင်မှု အောင်မြင်မှ ပါရာဇိကကျသည်မဟုတ်၊ အထဲသို့ နှမ်းစေ့ခန့် ဝင်သွားလျှင်ပင် ပါရာဇိက ကျသည်။

၂။ သူတပါးပစ္စည်းကို ခိုးလျှင် ပါရာဇိက ကျသည်။

**မှတ်ချက်။** တမတ်, တမတ်အထက်ငွေ, တမတ်တန်, တမတ်မကတန် သော ပစ္စည်းများကို ခိုးလျှင် ပါရာဇိကကျသည်။ ၎င်းထက် နည်းသော ငွေနှင့် ပစ္စည်းများကို ခိုးလျှင်ကား ပါရာဇိက မကျပါ၊ ထုလ္လစ္စည်း အာပတ်, ဒုက္ကဋ် အာပတ်သာ သင့်သည်။

၃။ လူကို သတ်လျှင် ပါရာဇိက ကျသည်။

**မှတ်ချက်။** ဆင်,မြင်း,ကျွဲ,နွား,ခြင်,ကျပိုး စသော တိရစ္ဆာန်သတ္တဝါ များကို သတ်လျှင် ပါရာဇိက မကျပါ၊ ပါစိတ် အာပတ်သာ သင့်သည်။

၄။ ဈာန်,မဂ်,ဖိုလ် တရားများကို မရပဲနှင့် ရသည်ဟု ပြောလျှင် ပါရာဇိက ကျသည်။

**မှတ်ချက်။** တကယ်တမ်း တရားအားထုတ်နေစဉ် ဈာန်, မဂ်,ဖိုလ်ရနေပြီ ဟု ထင်၍ "ဈာန်,မဂ်,ဖိုလ် ရပါသည်"ဟု ပြောလျှင် ပါ ရာဇိက မကျပါ၊ ဘုန်းကြီးချင်လို့ ထင်ပေါ်ကျော်စောချင် လို့ မဂ်,ဖိုလ်မရပဲ "ဘုန်းကြီးတော့ သောတာပန်ဖြစ်တာ ကြာဘီ"၊ "ဦးပဥ္စင်းကတော့ အနာဂါမ်ဘဲ" စသည်ဖြင့် ပြောလျှင် ပါရာဇိက ကျသည်။ မဂ်တရား, ဖိုလ်တရားကို တကယ်ရနေသော်လည်း "ဦးပဥ္စင်း သောတာပန် ဖြစ်ပြီးပါ ပြီ"ဟု တကာ, တကာမများနှင့် ရှင်သာမဏေများကို မပြောပြရပါ၊ ပြောပြလျှင် ပါရာဇိကတော့ မကျပါ၊ ပါ

စိတ်အာပတ်သာ သင့်သည်၊ ရဟန်းအချင်းချင်းတော့ ပြော ပြနိုင်ပါသည်။

## သံဃာဒိသိသ် ၁၃ ပုဒ်

၅။ သုက်လွှတ်အောင် လုပ်၍ သုက်လွှတ်လျှင် သံဃာဒိ သိသ်အာပတ်သင့်သည်။

၆။ မာတုဂါမ (မိန်းမ)ကို ကိုင်တွယ်လိုသော စိတ်ဖြင့် ကိုင်လျှင်, ထိလျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

၇။ ရာဂစိတ်ဖြင့် မာတုဂါမကို ရှုန့်ရှင်းကြမ်းတမ်းသော (မေထုန်နှင့် စပ်သော) စကားကို ပြောဆိုလျှင် သံ ဃာဒိသိသ်အာပတ်သင့်သည်။

၈။ ရာဂစိတ်ဖြင့် မာတုဂါမထံမှ မေထုန်ကိစ္စလှူရန် ပြော လျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

၉။ အိမ်ထောင်ရေးတွင် အောင်သွယ်ပေးလျှင် သံဃာဒိ သိသ်အာပတ်သင့်သည်။

၁၀။ ကိုယ်ပိုင်ကျောင်းငယ်ကို ဆောက်လုပ်ရာ၌ ကုဋိကာ ရသိက္ခာပုဒ် စည်းမျဉ်းကို မလိုက်နာလျှင် သံဃာဒိသိသ် အာပတ်သင့်သည်။

၁၁။ ကိုယ်ပိုင်ကျောင်းကို ဆောက်လုပ်ရာ၌ ဝိဟာရကာရ သိက္ခာပုဒ် စည်းမျဉ်းကို မလိုက်နာလျှင် သံဃာဒိသိသ် အာပတ်သင့်သည်။

၁၂။ ရဟန်းတပါးပါးကို လူထွက်သွားစေလို၍ ပါရာဇိက အာပတ်ဖြင့် လုပ်ကြံစွပ်စွဲလျှင် သံဃာဒိသိသ် အာပတ် သင့်သည်။

၁၃။ ရဟန်းတပါးပါးကို လူထွက်သွားစေလို၍ အမည်နာမ တင်စားကာ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

၁၄။ သံဃာတော်က သုံးကြိမ်အထိ ဆုံးမသော်လည်း မလိုက်နာပဲ သံဃာချင်းကွဲအောင် လုပ်လျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

၁၅။ သံဃာတော်က သုံးကြိမ်အထိ ဆုံးမသော်လည်း မလိုက်နာပဲ သံဃာချင်းကွဲအောင် လုပ်နေသော ရဟန်းကို ပါတီဖွဲ့ကာ ထောက်ခံ အားပေးနေလျှင် သံဃာဒိသိသ် အာပတ်သင့်သည်။

၁၆။ သံဃာတော်က သုံးကြိမ်အထိ ရဟန်းကျင့်ဝတ်များဖြင့် ပြောပြ ဆုံးမပါလျက် မလိုက်နာပဲ အပြောခက် အဆိုခက် အဆုံးမခက် ပြုမူနေလျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

၁၇။ သံဃာတော်က သုံးကြိမ်အထိ ဆုံးမပါလျက် မလိုက်နာပဲ တကာ, တကာမတို့၏ စေတနာ, သဒ္ဒါတရား ပျက်ပြားဆုတ်ယုတ်အောင် ပြုလုပ်နေလျှင် သံဃာဒိသိသ်အာပတ်သင့်သည်။

## အနိယတ ၂-ပုဒ်

၁၈။ ပါရာဇိက, သံဃာဒိသိသ်, ပါစိတ်အာပတ် ၃ မျိုးတွင် တမျိုးမျိုးဖြင့် စွပ်စွဲရာ အစွပ်စွဲခံရဟန်း၏ ဝန်ခံချက် အတိုင်း ဆုံးဖြတ်ရမည်။

၁၉။ သံဃာဒိသိသ်, ပါစိတ် အာပတ် ၂ မျိုးတွင် တမျိုးမျိုးဖြင့် စွပ်စွဲရာ အစွပ်စွဲခံရဟန်း၏ ဝန်ခံချက် အတိုင်း ဆုံးဖြတ်ရမည်။

## နိဿဂ္ဂိပါစိတ် ၃၀ ပုဒ်

၂၀။ သင်းပိုင်, ကေသိ, နှစ်ထပ်သင်္ကန်း (=ဒုကုဋ္ဌသင်္ကန်း) များကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲ ဆယ်ရက်ထက် ပိုထားလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၁။ တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် တညဉ့်ကင်းနေလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၂။ အကာလသင်္ကန်းကို အလှူခံပြီး တတိယကထိနသိက္ခာပုဒ်အတိုင်း မလိုက်နာလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၃။ အမျိုးမတော်သော ရဟန်းမကို သင်္ကန်းဟောင်း အလျှော်ခိုင်း, အဆိုးခိုင်း, အထုအရိုက်ခိုင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၄။ အမျိုးမတော်သော ရဟန်းမထံမှ သင်္ကန်း အလှူခံလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၅။ အမျိုးမတော်သော တကာ, တကာမ များထံ မတောင်းသင့်ပဲ သင်္ကန်းကို တောင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၆။ အမျိုး မတော်သော တကာ, တကာမ များက သင်္ကန်းများစွာ လာလှူလျှင် သင်္ကန်း ပျောက်ပျက်သော ရဟန်းမှာ အများဆုံး တစုံ (ဒွိစုံ) အလှူခံနိုင်

သည်၊ ပိုအလှူခံလျှင် နိဿဂ္ဂိပါစိတ် အာပတ် သင့်သည်။

၂၇။ ဆွေမျိုးမတော်သော တကာ, တကာမ တဦးဦးက မိမိအား သင်္ကန်းဝယ်လှူမည်ဟုသိ၍ ပိုကောင်းသော သင်္ကန်းကို ဝယ်လှူအောင် စီရင်လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၇။ ဆွေမျိုးမတော်သော တကာ, တကာမများစုပေါင်းပြီး မိမိအား သင်္ကန်းလှူမည်ဟု သိ၍ ပိုကောင်းသော သင်္ကန်းကို ဝယ်လှူအောင် စီရင်လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၂၉။ အလှူရှင် တဦးဦးက ကပ္ပိယထံ သင်္ကန်းဝယ်ရန် ဝတ္ထုကြေးငွေကို လွှဲအပ်ခဲ့ပြီး လွှဲအပ်ခဲ့ကြောင်းကို ရဟန်းအား လျှောက်ထားပါက ကပ္ပိယအား သင်္ကန်း အလိုရှိကြောင်း ပြောပြ၍ သုံးကြိမ်အထိ တောင်းနိုင်သည်၊ မရလျှင် တောင်းခွင့် မရှိတော့ပြီ၊ သို့သော် ကပ္ပိယထံ ဘာမျှ မပြောတော့ပဲ ၆-ကြိမ်အထိ သွားပြီး ရပ်နေနိုင်သည်၊ သုံးကြိမ်တောင်း, ၆ ကြိမ်ရပ်ထက် ပိုလွန်ပြုမူ၍ သင်္ကန်းရရှိလျှင် နိဿဂ္ဂိ ပါစိတ်အာပတ် သင့်သည်။

၃၀။ ပိုးချည်ရောနှော ပါဝင်သော အခင်းကို ပြုလုပ်လျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၃၁။ သိုးမွေးအခင်း အနက်ကို ပြုလုပ်လျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်သည်။

၃၂။ သိုးမွေးအခင်းကို ပြုလုပ်က သိုးမွေးနက် ၄ ပုံပုံ ၂-ပုံ၊ သိုးမွေးဖြူ ၄ ပုံပုံ တပုံ၊ သိုးမွေးအကြောင် အကြား ၄ ပုံပုံ ၁ ပုံ ပါရမည်၊ သိုးမွေးအနက် ၄ ပုံပုံ ၂ ပုံထက် ပိုများလျှင် နိဿဂ္ဂိ ပါစိတ်အာပတ် သင့်သည်။

၃၃။ သိုးမွေးအခင်းကို ပြုလုပ်ပြီးပါက ၆ နှစ်အထိ အသုံး ပြုရမည်၊ ၆ နှစ်မပြည့်ခင် အခြား သိုးမွေးအခင်းသစ် ကို ပြုလုပ်လျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၃၄။ နိသီဒိုင် အခင်းသစ်ကို ပြုလုပ်လိုလျှင် နိသီဒိုင် အ ဟောင်းမှ တထွာလောက်ဖြတ်ယူပြီး အခင်းသစ်မှာ ရောထည့်ချုပ်လုပ်ရမည်၊ ဖြတ်ယူမထည့်လျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၃၅။ ခရီးဝေးသွားစဉ် သိုးမွေးများ လှူလျှင် အလှူခံပြီး ထမ်းပိုးယူဆောင်ပေးမည့်သူ မရှိက ၃-ယူဇနာအထိ ကိုယ်တိုင် ထမ်းပိုးယူဆောင်သွားနိုင်သည်။ သုံး ယူဇ နာမှက ထမ်းပိုးယူဆောင်သွားလျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်သည်။

၃၆။ အမျိုးမတော်သော ရဟန်းမကို သိုးမွေးများ အဖွတ်, အဆိုး,အရှင်းခိုင်းလျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့် သည်။

၃၇။ ရွှေငွေကို အလှူခံလျှင်, အခြားသူကို အလှူခံခိုင်းလျှင်, အနီးအနားမှာ လာချသွားသော ရွှေငွေကို သာ ယာလျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၃၈။ ရွှေငွေ အရောင်းအဝယ် အလဲအလှယ် လုပ်လျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၃၉။ ရွှေငွေမှတပါး အခြားပစ္စည်းများကို အရောင်းအဝယ် အလဲအလှယ်လုပ်လျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့် သည်။

မှတ်ချက်။ ရဟန်း အချင်းချင်း, ရဟန်းနှင့် သာမဏေကား အလဲအလှယ် လုပ်ကောင်း၏၊ လူများနှင့် အလဲအလှယ် မလုပ်ရ။

၄၀။ သပိတ်ကို ၁၀-ရက်အထိ အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုပဲ ထားနိုင်သည်၊ ၁၀ ရက်ထက် ပိုထားလျှင်နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၄၁။ သပိတ်ကွဲ၍ ဘုပ်ဖွဲ့ထားရာ အဖွင့်ငါးဖွဲ့ မရှိသေးပဲ သပိတ်အသစ်ကို တောင်းလျှင် နိဿဂ္ဂိ ပါစိတ်အာပတ် သင့်သည်။

၄၂။ ထောပတ်, ဆီဦ, ဆီ, ပျားရည်, တင်လဲတို့ကို အကပ်ခံ ပြီး ခုနစ်ရက်အထိ သုံးဆောင်နိုင်သည်၊ ခုနစ်ရက် ထက် ပိုပြီး သုံးဆောင်လျှင် နိဿဂ္ဂိပါစိတ် အာပတ် သင့်သည်။

၄၃။ မိုးရေခံသင်္ကန်းကို ဝဿိကသာဋိကသိက္ခာပုဒ် စည်း မျဉ်းကို မလိုက်နာပဲ အသုံးပြုလျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်သည်။

၄၄။ ရဟန်းတပါးပါးကို သင်္ကန်းပေးပြီး စိတ်ဆိုးသော အခါ ကိုယ်တိုင် ပြန်လုယူလျှင်, သူတပါးကို အလု ခိုင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၄၅။ ကိုယ်တိုင် ချည်ကို တောင်းပြီး ရက္ကန်းသမားများကို အရက်ခိုင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၄၆။ လှူဘို့ရည်ရွယ်ပြီး ရက်ကန်းသမားများက သင်္ကန်း ရက်နေရာ ကြိုတင်ပင့်ဖိတ်မှု မရှိပဲ ရက်ကန်းသည်အိမ် သွားပြီး သင်္ကန်းပိုကောင်းအောင် ရက်ပေးရန် စီမံလျှင် ပစ္စည်းတစုံတရာ သွားပေးလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၄၇။ အဆောတလျှင် အရေးတကြီး လာလှူသော သင်္ကန်းကို သင်္ကန်းကာလ ကုန်သည်အထိ အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုပဲ ထားနိုင်သည်၊ သင်္ကန်းကာလထက် ပိုထားလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၄၈။ တိစီဝရိက်ဆောင် တောရကျောင်းနေ ရဟန်းသည် ဝိနည်းစည်းကမ်းအရ ရွာထဲ၌ထားသော တိစီဝရိက် သင်္ကန်းနှင့် ၆ ညဥ့်အထိ ကင်းကွာ နေနိုင်သည်၊ ၆ ညဥ့်ထက်ပို၍ ကင်းကွာနေလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

၄၉။ သံဃာအား လှူရန် ရည်ရွယ်ထားသော သံဃိကလာဘ်လာဘကို သိလျက် မိမိကို လှူအောင် ပြုလုပ်လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

## သုဒ္ဓပါစိတ် ၉၂ ပုဒ်

၅၀။ လိမ်ညာပြောလျှင် ပါစိတ်အာပတ်သင့်သည်။

၅၁။ ထိခိုက်နာကျင်အောင် ပြောဆိုလျှင် ပါစိတ်အာပတ် သင့်သည်။

၅၂။ ရဟန်းအချင်းချင်း ဂုံးတိုက်လျှင် ပါစိတ် အာပတ် သင့်သည်။

၅၃။ လူသာမဏေများကို ပါဠိတော်, အဋ္ဌကထာ ပြိုင်တူ ရွတ်၍ စာချပေးလျှင် ပါစိတ်အာပတ်သင့်သည်။

၅၄။ လူသာမဏေနှင့် ၃ ညဥ့် ၃ အရုဏ်ထက်ပိုပြီး တကျောင်းတည်း အိပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၅၅။ မာတုဂါမနှင့် တကျောင်းတည်း အိပ်လျှင် ပါစိတ် အာပတ်သင့်သည်။

၅၆။ တတ်သိနားလည်သော ယောကျ်ားမပါပဲ မာတုဂါမကို ၆ ခွန်းမက တရားဟောလျှင် ပါစိတ် အာပတ် သင့်သည်။

၅၇။ "ဈာန်ရတယ်, မဂ်ဖိုလ်ရတယ်, ငါ သောတာပန်ပဲ" စသည်ဖြင့် တကာ, တကာမ, သာမဏေများကို ပြောပြရာ ရရှိးမှန်လျှင် ပါစိတ်အာပတ် သင့်သည်။

၅၈။ သမ္မုတိမရပဲ ရဟန်းတပါးပါး၏ ပါရာဇိက အာပတ်, သံဃာဒိသိသ် အာပတ်များကို လူသာမဏေတို့အား ပြောပြလျှင် ပါစိတ်အာပတ် သင့်သည်။

၅၉။ မြေကြီးကို တူးလျှင်, အတူးခိုင်းလျှင် ပါစိတ် အာပတ် သင့်သည်။

၆၀။ ရှင်သန်နေသော မြက်ပင် သစ်ပင်များကို ချိုးဖဲ့ဖျက်ဆီးလျှင် ပါစိတ်အာပတ် သင့်သည်။

၆၁။ သံဃာတော်၏ မေးမြန်းချက်ကို ရှောင်လွှဲဖြေဆိုလျှင်, မဖြေပဲထားလျှင် ပါစိတ်အာပတ် သင့်သည်။

၆၂။ ကွဲရှဲရှဘ်ချလျှင် ပါစိတ်အာပတ် သင့်သည်။

၆၃။ သံဃိက ကုတင်, ညောင်စောင်း စသော အခင်းများ ကို ကွင်းပြင်မှာ ခင်း၍ အသုံးပြုပြီး ပြန်မသိမ်းပဲ, အသိမ်းမခိုင်းပဲ, မသိမ်းနိုင်ကြောင်း မပန်ကြားပဲ အရပ်တပါးသို့ သွားလျှင် ပါစိတ်အာပတ် သင့်သည်။

၆၄။ သံဃိကကျောင်းပေါ်၌ အိပ်ရာခင်း, ထိုင်ခင်းများကို ခင်းပြီး (အခင်းခိုင်းပြီး) ပြန်မသိမ်းပဲ, အသိမ်း မခိုင်းပဲ, မပန်ကြားပဲ အရပ်တပါးသို့ သွားလျှင် ပါစိတ်အာပတ် သင့်သည်။

၆၅။ သံဃိကကျောင်းပေါ်၌ ထိုင်နေ အိပ်နေသော ရဟန်း တပါးပါး အနီး၌ ကျပ်ဘည်း ကျဉ်းမြောင်းစေလို သော စိတ်ဖြင့် ဝင်ထိုင် ဝင်အိပ်လျှင် ပါစိတ် အာ ပတ်သင့်သည်။

၆၆။ စိတ်ဆိုးပြီး သံဃိကကျောင်းမှ ရဟန်းတပါးပါးကို နှင်ထုတ်လျှင်, နှင်ထုတ်ခိုင်းလျှင် ပါစိတ် အာပတ် သင့်သည်။

၆၇။ ပျဉ်မခင်းရသေးသော သံဃိကကျောင်း အပေါ်ထပ် ဆင့်သားများပေါ်၌ ခြေထောက်ပါသော ညောင် စောင်း ကုတင် ကေုတင်များကို ခင်းထိုင်လျှင် ပါစိတ် အာပတ် သင့်သည်။

၆၈။ မဟာဝဂ္ဂဝိဟာရ သိက္ခာပုဒ် စည်းမျဉ်းကို မလိုက်နာ လျှင် ပါစိတ်အာပတ် သင့်သည်။

၆၉။ ပိုးပါသောရေကို မြေကြီးပေါ် မြက်ပေါ် သွန်လျှင် ပါစိတ်အာပတ် သင့်သည်။

၇၀။ သမ္မုတိမရပဲ ရဟန်းမများကို ဆုံးမလျှင် ပါစိတ် အာပတ်သင့်သည်။

၇၁။ သမ္မုတိရသော ရဟန်းပင် ဖြစ်သော်လည်း နေဝင် အောင် ဆုံးမနေလျှင် ပါစိတ်အာပတ် သင့်သည်။

၇၂။ ရဟန်းမကျောင်းသို့ သွားပြီး ဆုံးမလျှင် ပါစိတ်အာ ပတ်သင့်သည်။ (ရဟန်းမ နေထိုင်မကောင်းလျှင် သွား ရောက် ဆုံးမနိုင်သည်။)

၇၃။ "အာမိသ လာဘ်လာဘကို မြှော်ခေါ်ပြီး မထေရ် ကြီးတွေ ရဟန်းမများကို ဆုံးမကြသည်" ဟု ကဲ့ရဲ့ ပြောဆိုလျှင် ပါစိတ်အာပတ် သင့်သည်။

၇၄။ အမျိုးမတော်သော ရဟန်းမကို သင်္ကန်းပေးလျှင် ပါစိတ်အာပတ် သင့်သည်။

၇၅။ ဆွေမျိုးမတော်သော ရဟန်းမ၏ သင်္ကန်းကို ချုပ် ပေးလျှင်, သူတပါးကို အချုပ်ခိုင်းလျှင် ပါစိတ်အာ ပတ်သင့်သည်။

၇၆။ သွားသင့်သော အခါမဟုတ်ပဲ ရဟန်းမနှင့် တိုင်ပင် ပြီး ခရီးရှည်ကို အတူသွားလျှင် ပါစိတ် အာပတ် သင့်သည်၊ (အဖော်နှင့် သွားသင့်သော ခရီး, ဘေး ရန်ရှိသော ခရီး, ဘေးရန်ရှိသည်ဟု ပြောကြသော ခရီးမျိုးကို သွားကောင်း၏။)

၇၇။ ရဟန်းမနှင့် တိုင်ပင်ပြီး ရေစုန်လှေ သို့မဟုတ် ရေ

ဆန်လှော်ကို အတူစီးလျှင် ပါစိတ်အာပတ် သင့်သည်၊ (မြစ်ဒီဘက်ကမ်း ဟိုဘက်ကမ်း ဖြတ်ကူးသော လှေကိုကား အတူစီးသွားနိုင်သည်။)

၇၈။ ရဟန်းမ စီမံဖန်တည်းသော ဆွမ်းကို သိလျက် ဘုဉ်းပေးသုံးဆောင်လျှင် ပါစိတ်အာပတ် သင့်သည်။

၇၉။ ဆိတ်ကွယ်ရာအရပ်၌ ရဟန်းမနှင့် နှစ်ယောက်တည်း နေထိုင်လျှင် ပါစိတ်အာပတ် သင့်သည်။

၈၀။ သာလာယံဇရပ်၌ ဝတ်တည်ထားသောဆွမ်းကို တကြိမ်သာ ဘုဉ်းပေးနိုင်သည်၊ နှစ်ကြိမ်သုံးကြိမ် ဘုဉ်းပေးလျှင် ပါစိတ်အာပတ် သင့်သည်။

၈၁။ ဂဏဘောဇဉ်ကို ဘုဉ်းပေးလျှင် ပါစိတ် အာပတ် သင့်သည်။

၈၂။ ပရမ္ပရဘောဇဉ်ကို ဘုန်းပေးလျှင် ပါစိတ်အာပတ် သင့်သည်။

၈၃။ မုန့်ဆွမ်းဖြင့် ပင့်ဖိတ်လှူဒါန်းပါက ၃ သပိတ်အထိ ခံယူနိုင်သည်၊ ၃ သပိတ်မက ခံယူလျှင် ပါစိတ်အာပတ် သင့်သည်။(၃ သပိတ် ခံယူခဲ့လျှင် ကျောင်း၌ရှိ သံဃာများနှင့် ဝေမျှဘုန်းပေးရမည်။)

၈၄။ ဆွမ်းစားနေစဉ် လာကပ်သော ဆွမ်းစသည်ကို တော်ပြီ ဟု တားမြစ်မိပါက နောက်ထပ် စားလိုလျှင် အတိရိတ်ဝိနည်းကံ ပြုရမည်၊ မပြုပဲစားလျှင် ပါစိတ် အာပတ်သင့်သည်။

၈၅။ မဝါရိတ်သင့်သော ရဟန်းအား အတိရိတ် မပြုသော

ဆွမ်းကိုအစားခိုင်းရာ စားလျှင် ခိုင်းသောရဟန်းအား ပါစိတ်အာပတ်သင့်သည်။

၃၆။ မွန်းတည့်ပြီးမှ ခဲဖွယ်ဘောဇဉ်ကို စားလျှင် ပါစိတ် အာပတ်သင့်သည်။

၃၇။ ယနေ့အကပ်ခံထားသော ခဲဖွယ်ဘောဇဉ်ကို သိမ်း ထားပြီး နောက်ရက်များ၌ ဘုန်းပေးလျှင် ပါစိတ်အာ ပတ်သင့်သည်။

၃၈။ ပဏီတဘောဇဉ်(ထောပတ်,ဆီဦး,ဆီ,ပျားရည်,တင်လဲ, ငါး, အသား, ဟင်းလျာ, နို့ရည်, နို့ခမ်း) များကို တောင်းစားလျှင် ပါစိတ်အာပတ်သင့်သည်။

၃၉။ ရေနှင့်ဒန်ပူမှတပါး အခြား စားဖွယ်သောက်ဖွယ်ကို အကပ်မခံပဲ စားလျှင် ပါစိတ်အာပက်သင့်သည်။

၄၀၊ တက္ကဒွန်း (=အဝတ်မဝတ်ပဲ တရားကျင့်နေသူ)ပရိဗိုဇ် ထိး, ပရိဗိုဇ်မတို့အား ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ပေး လျှင် ပါစိတ်အာပတ်သင့်သည်။

၄၁။ ရဟန်းတပါးပါးကို မြို့ထဲရွာထဲ ဆွမ်းခံအတူသွား ရအောင်ဟု ပြောဆိုခေါ်သွားပြီး "သင်ပြန်တော့၊ ကယောက်တည်း သွားရတာပဲ ကောင်းတယ်"ဟု ပြောကာ အကြောင်းထူး မရှိပဲ ပြန်လွှတ်လျှင် ပါ· စိတ်အာပတ်သင့်သည်။

၄၂။ လင်မယား ၂ ဦးတည်းရှိသော အိမ်ခန်းထဲသို့ကြိုတင် အသိမပေးပဲ ဝင်လျှင် ပါစိတ်အာပတ်သင့်သည်။

၉၃။ မျက်စိကွယ်ရာ အရပ်၌ မာတုဂါမနှင့်အတူ ထိုင်နေလျှင် ပါစိတ်အာပတ်သင့်သည်။

၉၄။ နားကွယ်ရာအရပ်၌ မာတုဂါမနှင့်အတူ ထိုင်နေလျှင် ပါစိတ်အာပတ်သင့်သည်။

၉၅။ တကာတဦးက ဆွမ်းစားပင့်ထားရာ ဆွမ်းမစားမီဖြစ်စေ, ဆွမ်းစားပြီးမှ ဖြစ်စေ အခြား တကာ တဦးဦး အိမ်သို့ လှည့်လည်သွားလာလျှင် ပါစိတ် အာပတ်သင့်သည်။ (သင်္ကန်းလှူသောအခါ, သင်္ကန်းချုပ်သော အခါ၌ သွားလာကောင်း၏။)

၉၆။ ဆေးအမျိုးမျိုးဖြင့် ဖိတ်ကြားထားပါက ကျန်းမာသော ရဟန်းဖြစ်လျှင် ၄ လအထိ အလှူခံနိုင်သည်၊ ၄ လထက်ပိုပြီး အလှူခံလျှင် ပါစိတ် အာပတ်သင့်သည်။ (ထပ်မံ ဖိတ်ကြားလျှင်, အမြဲဖိတ်ထားလျှင်, မကျန်းမာလျှင် အလှူခံနိုင်သည်။)

၉၇။ အကြောင်းမရှိပဲ ချီတက်နေသော စစ်တပ်ကို သွားကြည့်လျှင် ပါစိတ်အာပတ်သင့်သည်။

၉၈။ စစ်တပ်ထဲ သွားစရာ အကြောင်းရှိပါက ၃ ညအိပ်အထိ နေခွင့်ရှိသည်၊ ၃-ညမက စစ်တပ်ထဲမှာတည်းခိုနေလျှင် ပါစိတ်အာပတ်သင့်သည်။

၉၉။ အကြောင်းရှိ၍ စစ်တပ်ထဲ ရောက်နေစဉ် စစ်တိုက်ရာအရပ်, တန်းစီ ရေတွက် စစ်ဆေးရာအရပ် စစ်ချီရာအရပ် စသည်များသို့ သွားကြည့်လျှင် ပါစိတ် အာပတ်သင့်သည်။

၁၀၀။ ဘိန်း၊ဘင်း ကစော် လှော်စာ၊ အရက်၊ ဆေးခြောက် စသော မူးယစ်စေသော ပစ္စည်းများကို စားသောက် ရှူရှိုက်လျှင် ပါစိတ်အာပတ်သင့်သည်။

၁၀၁။ ဂလီထိုးကစားလျှင် ပါစိတ်အာပတ်သင့်သည်။

၁၀၂။ မြစ်ရေ ချောင်းရေ စသည်၌ ရေကစားလျှင်ပါစိတ် အာပတ်သင့်သည်။

၁၀၃။ သိက္ခာပုဒ်ဖြင့် ဆုံးမသော် ပုဂ္ဂိုလ်နှင့် ဝိနည်းသိက္ခာ ပုဒ်များကို မရိုသေလျှင်ပါစိတ်အာပတ်သင့်သည်။

၁၀၄။ ရဟန်းတပါးပါးကို ခြောက်လှန့်လျှင် ပါစိတ် အာ ပတ်သင့်သည်။

၁၀၅။ ကျန်းမာပါလျက် မီးလှုံလို၍ မီးမွေးလျှင် သူတပါး မွေးခိုင်းလျှင်ပါစိတ်အာပတ်သင့်သည်။

၁၀၆။ ၁၅ ရက်တကြိမ် တလ ၂ ကြိမ်သာ ရေချိုးရမည်၊ ပိုချိုးလျှင် ပါစိတ်အာပတ်သင့်သည်။ (အိန္ဒိယနိုင်ငံရှိ ရဟန်းတော်များ အတွက်သာ၊ အခြား တိုင်းပြည်၌ ကြိုက်သလို ချိုးနိုင်သည်။)

၁၀၇။ ကပ္ပဗိန္ဒု မထိုးပဲ သင်္ကန်းကို ဝတ်ရုံလျှင် ပါစိတ် အာ ပတ်သင့်သည်။

၁၀၈။ ရဟန်း,ရဟန်းမ,သိက္ခမာန်, သာမဏေ, သာမဏေမ တဦးဦးအား ကိုယ်တိုင် ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓိုရ်မပြုပဲ သင်္ကန်းကို သုံးစွဲလျှင် ပါစိတ်အာပတ်သင့်သည်။

၁၀၉။ ရဟန်းတပါးပါး၏ သပိတ်, သင်္ကန်း, နေရာထိုင်, အပ် ဗူး,ခါးပန်းကြိုး တခုခုကို အပျော်သဘောဖြင့် ဖွက်

ထားလျှင်, ဝှက်ထားခိုင်းလျှင် ပါစိတ် အာပတ်သင့်သည်။

၁၁၀။ လူနတ်မှတပါး သတ္တဝါကို သတ်လျှင် ပါစိတ်အာပတ်သင့်သည်။

၁၁၁။ ပိုးပါးသော ရေကို အသုံးပြုလျှင် ပါစိတ် အာပတ်သင့်သည်။

၁၁၂။ တရားနှင့်အညီ ငြိမ်းအေးပြီးသော အဓိကရုဏ်းကို တဖန် ကံပြုရအောင် လှုံ့ဆော်လျှင် ပါစိတ် အာပတ်သင့်သည်။

၁၁၃။ ရဟန်းတပါးပါး၏ သံဃာဒိသိသ် အာပတ်ကို သိလျက် ဖုံးထားလျှင် ပါစိတ်အာပတ်သင့်သည်။

၁၁၄။ အသက် ၂၀ မပြည့်သေးသူကို သိလျက် ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာမှာ ပါစိတ် အာပတ်သင့်သည်။ (ရဟန်းလောင်းလဲ ရဟန်း မဖြစ်၊ ကျန်သံဃာများ ဒုက္ကဋ်၊)

၁၁၅။ သူခိုးကုန်သည်မှန်း သိလျက် တိုင်ပင်ပြီး ခရီးဝေး အတူသွားလျှင်, တရွာရွာ သွားလျှင် ပါစိတ်အာပတ်သင့်သည်။

၁၁၆။ မာတုဂါမနှင့် တိုင်ပင်ပြီး ခရီးဝေး အတူသွားလျှင်, တရွာရွာ သွားလျှင် ပါစိတ်အာပတ်သင့်သည်။

၁၁၇။ ဘုရားရှင်၏ အယူတော်နှင့် ဆန့်ကျင်ဘက်ယူ ဆန့်ကျင်ဘက် ပြောဟောနေသော ရဟန်းကို သံဃာတော်က ၃ ကြိမ်အထိ ဆုံးမရမည်၊ မလိုက်နာပဲ ယူမြဲယူ ပြော

ဟောမြဲ ပြောဟောနေလျှင် ပါစိတ် အာပတ်သင့်သည်။

၁၁၈။ မိန္ဓာအယူရှိသော ရဟန်းနှင့် အတူစား အတူနေ အတူအိပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၁၁၉။ မိစ္ဆာအယူကို မစွန့်သဖြင့် နှင်ထုတ်ထားသော သာမဏေကို အားပေးအားမြှောက်လုပ်ပြီး ပေါင်းသင်းဆက်ဆံနေလျှင် ပါစိတ်အာပတ် သင့်သည်။

၁၂၀။ ရဟန်းတော်များက ဝိနည်းသိက္ခာပုဒ်တော်ဖြင့် ပြောဆိုဆုံးမကြရာ "ဝိနည်းဆောင် ရဟန်းများကို မမေးရသေးပဲ သင်တို့အပြောနှင့်တော့ မကျင့်နိုင်ပါ" ဟု ပြောလျှင် ပါစိတ် အာပတ် သင့်သည်။

၁၂၁။ ပါတိမောက်ရွတ်ဆိုရာ၌ "ဒီ အသေးအဖွဲ့ သိက္ခာပုဒ်တွေဟာ ဘာအကျိုးရှိမှာလဲ၊ သံသယကုက္ကုစ္စဖြစ်ရုံ စိတ်ဆင်းရဲ ရှုပ်ထွေးရုံသာ ဖြစ်မှာပေါ့" ဟု ပြောဆိုကဲ့ရဲ့လျှင် ပါစိတ်အာပတ် သင့်သည်။

၁၂၂။ ပါတိမောက် သိက္ခာပုဒ်များကို သိလျက် မသိယောင်ဆောင်သော ရဟန်းကို မောဟနကံသို့ တင်ရမည်၊ မောဟနကံ တင်ပြီး အယူကိုမစွန့်သေးလျှင် ကံပြုခံရသောရဟန်းအား ပါစိတ်အာပတ် သင့်သည်။

၁၂၃။ စိတ်ဆိုးပြီး ရဟန်းကို ရိုက်နှက်ပုတ်ခတ်လျှင် ပါစိတ် အာပတ် သင့်သည်။

၁၂၄။ စိတ်ဆိုးပြီး ရဟန်းကို လက်ဖြင့် ရိုက်မည် ရွယ်လျှင် ပါစိတ် အာပတ် သင့်သည်။

၁၂၅။ အခြေအမြစ်မရှိပဲ ရဟန်းကို သံဃာဒိသိသ် အာပတ် ဖြင့်စွပ်စွဲလျှင် ပါစိတ် အာပတ်သင့်သည်။

၁၂၆။ စိတ်ဆင်းရဲစေလို၍ ရဟန်းကို သံသယကုက္ကုစ္စ ဖြစ် အောင် လုပ်လျှင် ပါစိတ် အာပတ် သင့်သည်။

၁၂၇။ ခိုက်ရန်ဖြစ်နေကြသော ရဟန်းများ တီးတိုးတိုင်ပင် မှုကို ချောင်းနားထောင်လျှင် ပါစိတ်အာပတ် သင့် သည်။

၁၂၈။ တရားနှင့် ညီညွတ်သော သံဃကံအတွက် အလိုတူ ကြောင်း ဆန္ဒပေးပြီးမှ ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ်အာ ပတ်သင့်သည်။

၁၂၉။ သံဃာတော်များ တခုခု ဆုံးဖြတ်နေကြစဉ် ဆန္ဒမပေး ပဲ ထသွားလျှင် ပါစိတ်အာပတ် သင့်သည်။

၁၃၀။ ရဟန်းတပါးပါးကို သံဃာတော်က သင်္ကန်းပေးရာ သဘောတူပြီးမှ ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ် အာပတ် သင့်သည်။

၁၃၁။ သံဃာအား လှူရန် ရည်ရွယ်ထားသော ပစ္စည်းကို ပုဂ္ဂိုလ်တပါးပါးအား လှူအောင်လုပ်လျှင် ပါစိတ် အာပတ် သင့်သည်။

၁၃၂။ အဘိသိက်ခံပြီးသော မင်းနှင့် မိဖုရား နှစ်ဦးလုံးရှိနေ သော အခန်းထဲသို့ ကြိုတင် အကြောင်း မကြားပဲ ဝင်သွားလျှင် ပါစိတ် အာပတ်သင့်သည်။

၁၃၃။ တဦးဦး ကျကျန်ရစ်သောပစ္စည်းများကို ကောက်ယူ လျှင်, ထယောက်ယောက်ကို ကောက်ယူခိုင်းလျှင် ပါ

စိတ်အာပတ် သင့်သည်၊ (ကျောင်းထဲ, ကျောင်းခြံထဲ ဖြစ်က ကောက်ယူနိုင်သည်၊ ပိုင်ရှင်လာရင် ပြန်ပေး နိုင်အောင် သိမ်းထားရမည်။)

၁၃၄။ အရေးတကြီး အကြောင်း မရှိလျှင် အနီး အနားရှိ ရဟန်းတပါးပါးကို မပန်ပြောပဲ နေလွဲမှ မြို့ထဲ ရွာထဲ သွားလျှင် ပါစိတ်အာပတ် သင့်သည်။

၁၃၅။ အရိုး, အစွယ်, ဦးချိုများကို အပ်ထည့်ရန် အပ်ဗူးပြု လုပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၁၃၆။ ကုတင်, တန်းလျား အသစ်ပြုလုပ်လျှင် ခြေထောက် ကို ဘောင်အောက်စွန်းမှ အဆုံးထိ (မြတ်စွာဘုရား လက်ရှစ်သစ်) တတောင့်ထွာအထိ ထားနိုင်သည်၊ တတောင့်ထွာထက်ရှည်လျှင် ပါစိတ် အာပတ် သင့် သည်။

၁၃၇။ ကုတင်တန်းလျားများကို ဆိုဖာလို လဲဝါဂွမ်းသွင်းပြီး ပြုလုပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၁၃၈။ နိသီဒိုင်ချုပ်လုပ်လျှင် မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၂ ထွာ၊ အနံ တထွာခွဲ၊ အမြိတ် တထွာအထိ ပြုလုပ်နိုင်သည်၊ ပိုကြီးအောင် ပြုလုပ်လျှင် ပါစိတ် အာပတ်သင့်သည်။

၁၃၉။ အမာလွှမ်းသင်္ကန်း ချုပ်လုပ်လျှင် မြတ်စွာဘုရား အ ထွာတော်ဖြင့် အလျား ၄ ထွာ၊ အနံ နှစ်ထွာ အထိ ပြုလုပ်နိုင်သည်၊ အလျား အနံ ပိုရှည်အောင် ပြုလုပ် လျှင် ပါစိတ်အာပတ်သင့်သည်။

၁၃၀။ မိုးရေခံသင်္ကန်း ချုပ်လုပ်လျှင် ဘုရားအထွာတော်ဖြင့် အလျား ၆ ထွာ၊ အနံ ၂ ထွာခွဲအထိ ပြုလုပ်နိုင်သည်၊ ပိုကြီးအောင်လုပ်လျှင် ပါစိတ်အာပတ် သင့်သည်။

၁၃၁။ ကေသိ, ၂ ထပ်သင်္ကန်း များကို မြတ်စွာ ဘုရား၏ သင်္ကန်းလောက်ရှိအောင်, ပိုကြီးအောင် ချုပ်လုပ်လျှင် ပါစိတ်အာပတ် သင့်သည်၊ (မြတ်စွာဘုရား၏ ကေသိ ၂ ထပ်သင်္ကန်း ပမာဏမှာ မြတ်စွာ ဘုရား အထွာတော်ဖြင့် အလျား ၉ ထွာ, အနံ ၆ ထွာ။)

**မှတ်ချက်။** မြတ်စွာဘုရား တထွာသည် ရိုးရိုးလူ ၃ ထွာ ရှိသည်။

ပါဋိဒေသနီ ၄-ပုဒ်

၁၄၂။ မြို့ထဲ ရွာထဲ ဆွမ်းခံနေသော အမျိုး မတော်သော ရဟန်းမထံမှ ခဲဖွယ် ဘောဇဉ်ကို အလှူခံပြီး စားလျှင် ပါဋိဒေသနီ အာပတ်သင့်သည်။

၁၄၃။ ရဟန်းတော်များ မြို့ထဲ ရွာထဲ ဆွမ်းစားနေစဉ် ''ဒီမှာ ဆွမ်းလာထည့်၊ ဒီမှာ ဟင်းလာထည့်'' ဟု စီမံနေသော ရဟန်းမကို မစီမံရန် တားမြစ်ရမည်၊ မတားမြစ်လျှင် ပါဋိဒေသနီအာပတ်သင့်သည်။

၁၄၄။ သေက္ခအမည်ခံ ပုဂ္ဂိုလ်များထံ ခဲဖွယ်ဘောဇဉ်ကို ကြိုတင်ပင့်ဖိတ်မထားပဲ ကျန်းမာသောရဟန်း အလှူခံပြီး စားလျှင် ပါဋိဒေသနီ အာပတ်သင့်သည်။

၁၄၅။ ကြောက်မက်ဖွယ်ဘေးရန်ရှိသော တောကျောင်းနေ ရဟန်းတော်များသည် ကြိုတင်လျှောက်ထားမှု မရှိပဲ

ကျောင်းထဲ ခဲဖွယ်ဘောဇဉ် လာလှူလျှင် အလှူခံပြီး
မစားရ၊ စားလျှင် ပါဋိဒေသနီ အာပတ်သင့်သည်။

## သေခိယ ၇၅-ပုဒ်

**မှတ်ချက်။** သေခိယ သိက္ခာပုဒ်များကို မလိုက်နာလျှင် ဒုက္ကဋ် အာပတ် သင့်သည်၊ ကိုရင်မှာ ဒဏ်ထိုက်သည်။

၁၄၆။ ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကိုဝတ်အံ့ ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၁၄၇။ ထက်ဝန်းကျင်မှ အဝန်းညီစွာ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၄၈။ (လည်လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်း လျက်ရွာတွင်း၌ သွားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၄၉။ (လည်လက်ကောက်ဝတ်တို့ကို) ကောင်းစွာ ဖုံးလွှမ်း လျက် ရွာတွင်း၌ နေထိုင်အံ့ ဟု ကျင့်ကြံ အားထုတ်မှု ကို ပြုရမည်။

၁၅၀။ ကိုယ်နှုတ်ကို ကောင်းစွာ စောင့်ရှောက်လျက် ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၁၅၁။ ကိုယ်နှုတ်ကို ကောင်းစွာ စောင့်စည်းလျက် ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၅၂။ (လေးတောင်ခန့်မျှကြည့်ကာ) မျက်လွှာချလျက် ရွာ တွင်း၌ သွားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၁၅၃။ (လေးတောင်ခန့်မျှကြည့်ကာ) မျက်လွှာချလျက် ရွာ တွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၁၅၄။ သက်န်းကို ပင့်လျက်ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၅၅။ သက်န်းကို ပင့်လျက် ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၅၆။ ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၅၇။ ပြင်းစွာရယ်မောလျက် ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၅၈။ တိုးတိုးအသံရှိသည်ဖြစ်၍ ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၅၉။ တိုးတိုးအသံရှိသည်ဖြစ်၍ ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၆၀။ ကိုယ်ကို လှုပ်၍လှုပ်၍ ရွာတွင်း၌မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၆၁။ ကိုယ်ကိုလှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၆၂။ လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၆၃။ လက်မောင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၆၄။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။
၁၆၅။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုလို ပြုရမည်။

၁၆၆။ ခါးထောက်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံအား ထုတ်မှုကို ပြုရမည်။
၁၆၇။ ခါးထောက်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၆၈။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၆၉။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၇၀။ ဖဝါးစွန်းဖြင့် နင်း၍ ရွာတွင်း၌ မသွားအံ့ဟုကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၇၁။ အာယောဂပတ်ဖွဲ့၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့် ကြံအားထုတ်မှုကို ပြုရမည်။
၁၇၂။ ဆွမ်းကို ရိုသေစွာခံယူအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၇၃။ သပိတ်၌ အမှတ်သတိထားသည်ဖြစ်၍ ဆွမ်းကို ခံယူ အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၇၄။ ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာ ခံယူအံ့ဟု ကျင့်ကြံ အား ထုတ်မှုကို ပြုရမည်။
၁၇၅။ ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံ ခံယူအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၇၆။ ဆွမ်းကိုရိုသေစွာ စားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၇၇။ သပိတ်၌ အမှတ်ထားသည် ဖြစ်၍ ဆွမ်းကို စားအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၁၇၈။ ဆွမ်းကိုအစဉ်အတိုင်းစားအံ့ဟုကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၇၉။ ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာ စားအံ့ဟု ကျင့်ကြံအား ထုတ်မှုကိုပြုရမည်။

၁၈၀။ ဆွမ်းကို အလယ်ထိပ်မှနှိပ်၍ မစားအံ့ဟု ကျင့်ကြံအား ထုတ်မှုကို ပြုရမည်။

၁၈၁။ ဟင်းရိုးရိုးကို၎င်း သားငါးဟင်းကို၎င်း များစွာ အလိုရှိသောကြောင့် ဆွမ်းဖြင့် မဖုံးလွှမ်းအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၈၂။ ဟင်းကို၎င်း ထမင်းကို၎င်း မနာမဖျားပဲ မိမိအကျိုး ငှာ (ငါ)တောင်း၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှု ကို ပြုရမည်။

၁၈၃။ ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို(ငါ) မကြည့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၈၄။ ကြီးလွန်းသော ဆွမ်းလုတ်ကိုမပြုအံ့ဟု ကျင့်ကြံအား ထုတ်မှုကိုပြုရမည်။

၁၈၅။ ဆွမ်းလုတ်ကို ဝိုင်းဝန်းညီညွတ်စွာပြုအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၈၆။ ဆွမ်းလုတ်မရောက်မီ ခံတွင်းကို မဖွင့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၈၇။ ဆွမ်းစားသည်ရှိသော် လက်အားလုံးကို ခံတွင်း၌ မထည့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၈၈။ ဆွမ်းလုတ်နှင့် တကွသော ခံတွင်းဖြင့် စကားမဆိုအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၈၉။ ဆွမ်းလုတ်ကို မြှောက်ကာ မြှောက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၀။ ဆွမ်းလုတ်ကို ကိုက်ဖြတ်ကာကိုက်ဖြတ်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၁။ (မျောက်ကဲ့သို့) ပါးစောင်ဖေါင်း၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၂။ လက်ကိုခါလျက် မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၃။ ဆွမ်းကို ကြဲကာကြဲကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၄။ လျှာကိုထုတ်ကာထုတ်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၅။ ပြပ်ပြပ်အသံပြု၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၆။ ရှုတ်ရှုတ်အသံပြု၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၇။ လက်ကိုလျက်ကာလျက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၁၉၈။ သပိတ်ကိုခြစ်ကာခြစ်ကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။
၁၉၉။ နှုတ်ခမ်းကို လျက်ကာလျက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။
၂၀၀။ ဆွမ်း စသည် ပေကျံသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၁။ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၂။ ထီးကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၃။ ဒုတ်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၄။ ဓားကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၅။ လက်နက်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၆။ ခြေနင်းစီးသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၇။ ဘိနပ်စီးသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၂၀၈။ ယာဉ်စီးသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၀၉။ အိပ်ရာ၌နေသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၁၀။ အာယောဂပတ်ဖွဲ့လျက် ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်။

၂၁၁။ ဦးရစ်ပေါင်းသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၁၂။ ဦးခေါင်းခြုံသော မနာမဖျားသူအား တရားမဟော အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၁၃။ နေရာ၌ထိုင်နေသော မနာမဖျားသူအား မြေ၌ထိုင် နေလျက် တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၁၄။ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသူအား နိမ့်သောနေရာ၌ထိုင်လျက် တရားမဟောအံ့ဟု ကျင့် ကြံအားထုတ်မှုကို ပြုရမည်။

၂၁၅။ ထိုင်နေသော မနာမဖျားသူအား ရပ်လျက်တရားကို မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၁၆၊ ရှေ့ကသွားသော မနာမဖျားသူအား နောက်က လိုက်လျက် တရားကိုမဟောအံ့ဟု ကျင့်ကြံအားထုတ် မှုကို ပြုရမည်။

၂၁၇။ ခရီးလမ်းအတိုင်းသွားသော မနာမဖျားသူအားခရီး လမ်းမဟုတ်ပဲသွားလျက် တရားမဟောအံ့ဟုကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၂၁၈။ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း မနာမဖျားပဲ ရပ် လျက် မစွန့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်၊

၂၁၉။ စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုရင်း ကျင် ငယ်ကိုရင်း တံတွေးကိုရင်း မနာမဖျားပဲ မစွန့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂၂၀။ ( လူတို့ သုံးဆောင်သော ) ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံတွေးကိုရင်း မနာမဖျားပဲ မစွန့် အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

## အဓိကရဏ သမထ ၇-ပါး

၂၂၁။ ဖြစ်တိုင်းဖြစ်တိုင်းသော (လေးပါးသော) အဓိကရဏ်းတို့ကို ငြိမ်းစေခြင်းငှာ အထူးသဖြင့် ငြိမ်းစေခြင်းငှာ သမ္မုခါဝိနည်း (မျက်မှောက် အဓိကရဏ်း ငြိမ်းကြောင်းတရားကို) ပေးရမည်။

၂၂၂။ သတိဝိနည်း (ရဟန္တာပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်း) ကို ပေးရမည်။

၂၂၃။ အမူဠှဝိနည်း (ရူးသွပ်သော ရဟန်းတို့အား သတိရခိုက် ပေးရသော ဝိနည်း) ကို ပေးရမည်။

၂၂၄။ ပဋိညာယကာရေတဗ္ဗသမထ (ဝန်ခံသဖြင့်ပြုအပ်သော သမထ) ကို ပြုရမည်။

၂၂၅။ ယေဘုယျသိကာ သမထ (ဓမ္မဝါဒီပုဂ္ဂိုလ်များရာသို့ လိုက်၍ ဆုံးဖြတ်ရသော သမထ) ကို ပြုရမည်။

၂၂၆။ တဿပါပိယသိကာသမထ (ယုတ်မာသော ရဟန်းအား ပြုရသောဝိနည်း) ကို ပြုရမည်။

၂၂၇။ တိဏဝတ္ထာရကသမထ (မစင်ကိုမြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိထားရသော ဝိနည်း) ကို ပြုရမည်။

အမှာ။ ။ ၎င်း ၂၂၇ သွယ်သိက္ခာပုဒ်များအပြင် ပစ္စည်း ၄-ပါးကိုလည်း ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး သုံးဆောင်ရမည်၊ ခန္ဓကဝတ် ၁၄-ပါးကိုလည်း လိုက်နာရမည်ပင် ဖြစ်သည်။

# ဓုတင်တေရသပါဠိအနက်

(ပံသုကူဓုတင်)

၁။ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊
ပံသုကူလိကင်္ဂံ သမာဒိယာမိ။

**အနက်။** ဂဟပတိ ဒါနစီဝရံ=လက်ရောက်ဒါယကာ လှူလာသော သင်္ကန်းကို၊ ပဋိက္ခိပါမိ=မသုံးမခံ ပယ်လှန်ပါ၏၊ ပံသုကူလိကင်္ဂံ = မြေပုံမှာလွှား မြေမှုန့်အလားနှယ် စက်ဆုပ်ဖွယ်သို့ရောက်သော သင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ= ကောင်းစွာ ယူပါ၏၊ ဆောက်တည်ပါ၏။

(တိစီဝရိက်ဓုတင်)

၂။ စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊
တေစီဝရိကင်္ဂံ သမာဒိယာမိ။

**အနက်။** စတုတ္ထကစီဝရံ = ဝတ်လောက်ရုံလောက် လေးထည်မြောက်သင်္ကန်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ တေစီဝရိကင်္ဂံ=သင်္ကန်းသုံးထည်ကိုသာ ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ပိဏ္ဍပါတ်ဓုတင်)

၃။ အတိရေကလာဘံ ပဋိက္ခိပါမိ၊
ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

**အနက်။** အတိရေကလာဘံ=ပိဏ္ဍိယာလောပဘောဇနမှ ပိုလွန်ကျယ်ဝွေးတဆယ့်လေးဘတ် လာဘ်ကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ ပိဏ္ဍပါတိကင်္ဂ=အပေါင်းအာမိသတို့၏သပိတ်၌ကျခြင်းကို ရှာလေ့ရှိသော ဆွမ်းအလို့ငှါသွားခြင်း အကျင့်ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါသမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(သပဒါန ရတင်)

၄။ လောလုပ္ပစာရံ ပဋိက္ခိပါမိ၊
သပဒါနစာရိကင်္ဂ သမာဒိယာမိ။

**အနက်။** လောလုပ္ပစာရံ=အိမ်စဉ်ကျော်၍ လျှပ်ပေါ်သွားခြင်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ သပဒါနစာရိကင်္ဂ=အိမ်စဉ်မပြတ်ဆွမ်းရပ်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ဧကာသနိက် ရတင်)

၅။ နာနာသန ဘောဇနံ ပဋိက္ခိပါမိ၊
ဧကာသနိကင်္ဂ သမာဒိယာမိ။

**အနက်။** နာနာသနဘောဇနံ=ယာပုထ်ပြောင်းကူး အထူးထူးသောနေရာ၌ စားခြင်းကို၊ ပဋိက္ခိပါမိ =ပယ်ပါ၏၊ ဧကာသနိကင်္ဂ=ယာပုထ်မလဲ တနေရာတည်း၌ စားသေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ပတ္တပိုဏ် ရတင်)

၆။ ဒုတိယကဘာဇနံ ပဋိက္ခိပါမိ၊
ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

**အနက်**။ ဒုတိယက ဘာဇနံ=နှစ်ခုမြောက်သော ခွက်ကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ ပတ္တပိဏ္ဍိကင်္ဂံ=တခွက်အထီးတည်း ဆွမ်းကိုယူခြင်း အလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ခလုပစ္ဆာ ရတင်)

၇။ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊
ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။

**အနက်**။ အတိရိတ္တဘောဇနံ=ဂိလာနပုဂ္ဂိုလ် ဝိနည်းခိုရ် တို့၏ ပိုလွန်ကြွင်းကျန်သော ဘောဇဉ်ကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ ခလုပစ္ဆာဘတ္တိကင်္ဂံ=မြစ်ပယ်သည့်နောက်မှ ရသော ဆွမ်းကိုစားခြင်း အလေ့မရှိသော၊ ဝါ= ခလုငှက်ပမာ နောက်၌အစာရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(အာရညိကင် ရတင်)

၈။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊
အာရညိကင်္ဂံ သမာဒိယာမိ။

**အနက်**။ ဂါမန္တသေနာသနံ=ရွာနီးကျောင်းကို၊ ပဋိက္ခိပါမိ= ပယ်ပါ၏၊ အာရညိကင်္ဂံ=တော၌ နေခြင်းအလေ့ရှိ

သော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ရုက္ခမူ ဓုတင်)

၉။ ဆန္နံ ပဋိက္ခိပါမိ၊
ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

**အနက်။** ဆန္နံ=အုတ်ကျောက် သစ်ရွက် မြက် အင်္ဂတေ ငါး ထွေသော အမိုးကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ ရုက္ခမူလိကင်္ဂံ=သစ်ပင်ရင်း၌နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(အဗ္ဘောကာသိက ဓုတင်)

၁၀။ ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊
အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

**အနက်။** ဆန္နဉ္စ=ငါးထွေသော အမိုးကိုရင်း၊ ရုက္ခမူလဉ္စ=သစ်ပင်ရင်းကိုရင်း၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ အဗ္ဘောကာသိကင်္ဂံ = လွင်တီးပြင်လင်း၌ နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(သုသာန် ဓုတင်)

၁၁။ န သုသာနံ ပဋိက္ခိပါမိ၊
သောသာနိကင်္ဂံ သမာဒိယာမိ။

**အနက်။** နသုသာနံ=သင်းချိုင်းမဟုတ်သော အရပ်ကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ သောသာနိကင်္ဂံ=သင်းချိုင်း၌နေ

လေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

(ယထာသန္ထတ် ဓုတင်)

၁၂။ သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊
ယထာသန္တတိကင်္ဂံ သမာဒိယာမိ။

အနက်။ သေနာသနလောလုပ္ပံ = ထစေတုံရှောင်း ကောင်း မကောင်း စုံစမ်းမေးမြန်း ကြည့်ရှုခြင်း ဟူသော ကျောင်း၌ လျှပ်ပေါ်သော်လီခြင်းကို၊ ပဋိက္ခိပါမိ= ပယ်ပါ၏၊ ယထာသန္တတိကင်္ဂံ=ခင်းတိုင်းသော နေရာအလား ရှေ့ဖျားညွှန်းပြချတိုင်းသောကျောင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ=ဆောက်တည် ပါ၏။

(နိသဇ္ဇ ဓုတင်)

၁၃။ သေယျံ ပဋိက္ခိပါမိ၊
နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

အနက်။ သေယျံ=လျောင်းလဲခြင်း ကာယပသာရဏသေယျကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ နေသဇ္ဇိကင်္ဂံ=ထိုင်၍နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို၊ သမာမိယာမိ=ဆောက် တည်ပါ၏။

# ညဉ့်ရွတ်စဉ်

## (တနင်္ဂနွေနေ့ ရွတ်ရန်)

### ၁။ သမ္ပသာဒနီယ သုတ္တန်

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ....အဿဒ္ဓေါ ဘိက္ခဝေ ဘိက္ခု။ ။အဟိရိကော ဘိက္ခဝေ ဘိက္ခု။ ။အနောတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု။ ။ကုသီတော ဘိက္ခဝေ ဘိက္ခု။ ။ဒုပ္ပညော ဘိက္ခဝေ ဘိက္ခု။ ။ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ။ကတမေဟိ ပဉ္စဟိ....သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု။ ။ဟိရိမာ ဘိက္ခဝေ ဘိက္ခု။ ။ဩတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု။ ။အာရဒ္ဓဝီရိယော ဘိက္ခဝေ ဘိက္ခု။ ။ပညဝါ ဘိက္ခဝေ ဘိက္ခု။ ။ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

ပဉ္စင်္ဂုတ္တရပါဠိတော်ပြီး၏။

(တနင်္လာနေ့ ရွတ်ရန်)

## ၂ ကဿပ ဗောဇ္ဈင်သုတ်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ကတမေ သတ္တ....သတိ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဝီရိယ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ပီတိ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ပဿဒ္ဓိ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။သမာဓိ သံဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဥပေက္ခာ သံဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## မောဂ္ဂလ္လာန ဗောဇ္ဈင်သုတ်

သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီ ကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ။ကတမေ သတ္တ.... သတိ သံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန။ ။ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန။ ။ဝီရိယသံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန။ ။ပီတိ သံဗောဇ္ဈင်္ဂေါ ခေါမောဂ္ဂလ္လာန။ ။ပဿဒ္ဓိ သံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန။ သမာဓိ သံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန။ ဥပေက္ခာ သံဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန

မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဣမေ ခေါ မောဂ္ဂလ္လာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## စုန္ဒဗောဇ္ဈင်သုတ်

သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ။ကတမေ သတ္တ...သတိ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဝီရိယ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ပီတိ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ပဿဒ္ဓိ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။သမာဓိ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဥပက္ခာ သံဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(အင်္ဂါနေ့ ရွတ်ရန်)

## ၃–ဒသဓမ္မသုတ်

ဒသိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ။ကတမေ ဒသ....ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။ပရပ္ပဋိဗဒ္ဓါ မေ ဇီဝိ

ကာတိ။ ပ။ ဗ္ဗံ။ ။အညော မေ အာကပ္ပေါ ကရဏီယော တိ။ ပ။ ဗ္ဗံ။ ။ကစ္စိ နုခေါ မေ အတ္တာ သီလတော န ဥပဝ ဒတီတိ။ ပ။ ဗ္ဗံ။ ။ကစ္စိ နုခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော န ဥပဝဒန္တီတိ။ ပ။ ဗ္ဗံ။ သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာ ဘာဝေါ ဝိနာ ဘာဝေါတိ။ ပ။ ဗ္ဗံ။

ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပ ကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿာမီတိ။ ပ။ ဗ္ဗံ။ ကထမ္ဘူတဿ မေ ရတ္တိဒိဝါ ဝီတိဝတ္တန္တီတိ။ ပ။ ဗ္ဗံ။ ။ကစ္စိ နုခေါ အဟံ သုညာဂါရေ အဘိရမာမီတိ။ ပ။ ဗ္ဗံ။ ။အတ္ထိ နု ခေါ မေ ဥတ္တရိမနုဿဓမ္မော အလမရိယ ဉာဏဒဿန ဝိသေသော အဓိဂတော။ သော ခေါ ဟံ ပစ္ဆိမေ ကာလေ သဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကု ဘဝိဿာမီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဣမေ ခေါ ဘိက္ခဝေ ဒသ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။

## ပဋိစ္စသမုပ္ပါဒ် ပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပ ပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။ ဖဿ ပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိ ပစ္စယာ ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာ

သာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော။ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော။ ဝိညာဏ နိရောဓာ နာမရူပနိရောဓော။ နာမရူပ နိရောဓာ သဠာယတန နိရောဓော။ သဠာယတန နိရောဓာ ဖဿနိရောဓော။ ဖဿ နိရောဓာ ဝေဒနာ နိရောဓော။ ဝေဒနာ နိရောဓာ တဏှာနိရောဓော။ တဏှာ နိရောဓာ ဥပါဒါန နိရောဓော။ ဥပါဒါန နိရောဓာ ဘဝ နိရောဓော။ ဘဝနိရောဓာ ဇာတိ နိရောဓော။ ဇာတိနိရောဓာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(ဗုဒ္ဓဟူးနေ့ ရွတ်ရန်)

၄-ဥဒါန်း ပါဠိတော်

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။

ဝိသင်္ခါရ ဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ။

ယဒါ ယဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ဟတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

(ကြာသပတေးနေ့ ရွတ်ရန်)

၅—အာဝေဏိက ဂုဏ်တော်

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော

ကာတုံ။ တထာ မေ ဟောတု။ ။အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ။ နတ္ထိ ဝီရိယဿ ဟာနိ။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။ နတ္ထိ သမာဓိဿ ဟာနိ။ နတ္ထိ ပညာယ ဟာနိ။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ။ နတ္ထိ ရဝါ။ နတ္ထိ အဖုဋံ။ နတ္ထိ ဝေဂါယိတတ္တံ။ နတ္ထိ ဗျာဝဋမနော။ နတ္ထိ အပ္ပဋိသင်္ခါရုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။ ။သသဒ္ဓမ္မ ဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိဂဏံ ရက္ခတု မံ စိရံ သဒါ။ သဗ္ဗကာမဒဒေါ ဟောတု မမေဝ စိရံ သဒါ။

(သောကြာနေ့ ရွတ်ရန်)

## ၆·ပကိဏ္ဏက ဒေသနာတော်

၁။ နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

၂။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

၃။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

၄။ ဩဇာဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာဒယော။
ပဇ္ဇရံ ရောဂံ သမေတွာ၊ ဓမ္မ ဝရ မဒေသယိ။

၅။ သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလ မဒေသယုံ။

၆။ ဝိသုဒ္ဓါ ဝတ မေ ဝါသော၊ နိမ္မလံ မံ န ပဿသိ။
မာ တွံ ဝိသုဒ္ဓံ ဒူသေဟိ၊ နိက္ခမာဟိ ဝနာ တုဝံ။

## ပဋ္ဌာန်းပါဠိတော်

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။

(စနေနေ့ ရွတ်ရန်)

## ၇။ ငရုံ့မင်းပရိတ်

၁။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

၂။ တတော ကာကကာစ ဂိဇ္ဈာစ၊ ကင်္ကာ ကုလလ သေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။

၃။ ဧဝံ စိန္တေသဟံ တတ္ထ၊ သဟ ဉာတီဟိ ပီဠိတော။
ကေန နုခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ။

၄။ စိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။

၅။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

၆။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏံပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။

၇။ အဘိတ္ထနယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ။
မစ္ဆေ သောကာ ပမောစယ။

၈။ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၉။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စတေဇဗလဿိတော၊
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

မစ္ဆရာဇပရိတ် ပြီး၏။

ညဉ့်ရွတ်စဉ် ပြီး၏။

## နာ့ညတြစသော ခြောက်ဂါထာအနက်

၁။ ဗောဇ္ဈာ၊ ဗောဇ္ဈင် ခုနစ်ပါး တရားအကျင့်ကို။ တပသာ၊ ကိလေသာတို့ကို ပူပန်စေတတ် ခြုံးခြံအပ်သော ဓုတင်အကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခွင့်ကို။ နပဿာမိ၊ ငါဘုရားမမြင်။ ဣန္ဒြိယသံဝရာ၊ စက္ခုစသော ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခွင့်ကို။ နပဿာမိ၊ ငါဘုရားမမြင်။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံသော တပ်နှစ်သက်ခြင်း ကင်းရာ နိဗ္ဗာန်ချမ်းသာကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ။ ချမ်းသာခွင့်ကို။ န ပဿာမိ၊ ငါဘုရားမမြင်။

၂။ ဝီရ၊ ကြီးသော လုံ့လ ရှိတော်မူပေသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏ဘုရား၊ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ ခပ်သိမ်းသောအရာ၌။ ဝိပ္ပမုတ္တော၊ ဘေးရန်ဥပဒ်မှ ကင်းလွတ်သည်။ အသိ၊ ဖြစ်ပေ၏။ အဟံ၊ အကျွန်ုပ်သည်။ သမ္ဗာဓပဋိပန္နော၊ ကျဉ်းမြောင်း ခက်ခဲ ဆင်းရဲခြင်းသို့ ရောက်၍နေသည်။ အသ္မိ၊ ဖြစ်ရချေ၏။ တဿမေ၊ ထိုအကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဘဝ၊ ဖြစ်တော်မူပါဘုရား။

၃။ အရဟန္တံ၊ ပူဇော်အထူးကို ခံထိုက်သော။ တထာဂတံ၊ ငါဘုရားကို။ စန္ဒိမာ၊ လ–နတ်သားသည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ရာဟု၊ ရာဟုမည်သော အသူရိန်နတ်သား။ စန္ဒံ၊ စန္ဒနတ်စံ့, လဝိမာန်ကို။ ပမုဉ္စဿု၊ လွှတ်

ပေးလိုက်ပါလော့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ လောကာနုကမ္ပကာ၊ လူသုံးပါးကို သနား စောင့် ရှောက် တတ်ကုန်၏။ (နေ့ကို ငပုတ်ဖမ်းရာ၌လည်း "သူရိယော သရဏံ ဂတော" ဟုရွတ်။)

၄။ မဟာဒယော၊ ကြီးမြတ်သော သနားခြင်းရှိတော်မူသော။ ကကုသန္ဓော၊ ကကုသန် အမည် တော် ရှိသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဩဇာဒီပံ၊ ထိုကာလက ဩဇမည်ထွန်း သီဟိုဠ်ကျွန်းသို့၊ ဂန္တွာ၊ ရဟန္တာ လေးသောင်းနှင့် တကွ ကြွတော်မူ၍၊ ပဇ္ဇရံ၊ ဖျားနာမည်သော။ ရောဂံ အနာရောဂါကို။ သမေတွာ၊ ငြိမ်းပျောက်စေ၍။ ဝရံ၊ မြတ်လှစွာသော။ ဓမ္မံ၊ တရားတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

မှတ်ချက် ကောဏာဂုံဘုရား, ကဿပဘုရားရှင် လက်ထက် ကြွတော်မူသည်ကိုလည်း

ဝရဒီပံ ဇိနော ဂန္တွာ၊ ကောဏာဂမန နာမကော။
ဤကမ္ဘာယံ သမေတွာ၊ ဓမ္မဝရ မဒေသယိ။
မဏ္ဍဒီပံ ဇိနော ဂန္တွာ၊ ကဿပေါ ဒွိပဒုတ္တမော။
ပိငါဒိ ဝူပသမေတွာ၊ ဓမ္မဝရ မဒေသယိ ဟူ၍ ရွက်လေ။

၅။ မဟိဒ္ဓိကာ၊ ကြီးမားသော တန်ခိုး ရှိကုန် သော။ သောဏုတ္တရာ၊ သောဏထေရ်, ဥတ္တရထေရ်တို့သည်။ သုဝဏ္ဏဘူမိံ၊ ရွှေမြေကူးလည်း သထုံပြည်သို့။ ဂန္တွာ၊ ကြွသွားကုန်၍။ ပိသာစေ၊ မြေဘုတ်ဘီလူးတို့ကို။ နိဒ္ဓမိတွာန၊ နှင်ထုတ်ကုန်၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်ကို။ အဒေသယုံ၊ ဟောတော်မူကြလေကုန်ပြီ၊

၆။ မေ၊ ငါရဟန်း၏။ ဝါသော၊ တော၌နေခြင်းသည်။ ဝိသုဒ္ဓေါဝတ၊ အထူး အချွန် အလွန် စင်ကြယ်လှပေ၏တကား။ နိမ္မလံ၊ ညစ်ကြေး မတင် သန့်ရှင်း စင်သော။ မံ၊ ငါ့ကို။ တုံ၊ အပြစ်မရှိဘဲ စွပ်စွဲသော သင်နတ်ယုတ်သည်။ နုပယာသိ၊ ကြည့်ရှုမနေလင့်။ ဝိသုဒ္ဓံ၊ အထူး အချွန် အလွန် စင်ကြယ်သော ငါ့ကို။ တွံ၊ သင်နတ်ယုတ်သည်။ မာဒူသေယိ၊ မဖျက်ဆီးလင့်။ တုဝံ၊ သင် နတ်ယုတ်သည်။ ဝနာ၊ ငါနေရာတောမှ။ နိက္ခမာဟိ၊ ထွက်သွားလေလော့။

---

# နံနက်ရွတ်စဉ်

## (တနင်္ဂနွေနေ့ ရွတ်ရန်)

၁။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။ (အနုလောမ)။

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊ မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊ မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ၊ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊ တစော ဒန္တာ နခါ လောမာ ကေသာ။ (ပဋိလောမ)။

ဒွတ္တိံသာကာရပါဠိ-အနုလောမ, ပဋိလောမပြီး၏။

ဆံပင်၊ အမွေး၊ လက်သည်း–ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အပြွင်၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (အနုလုံ)။

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အပြွင်၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်း – ခြေသည်း၊ အမွေး၊ ဆံပင်။ (ပဋိလုံ)။

(တနင်္လာနေ့ ရွတ်ရန်)

၂။ ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣမေ လောမာ နာမ။ပ။ ပဋိကူလာ။
အယံ တစော နာမ ။ပ။ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

(အင်္ဂါနေ့ ရွတ်ရန်)

၃။ ဣဒံ မံသံ နာမ ။ပ။ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။
ဣဒံ နှာရု နာမ ။ပ။ ပဋိကူလံ။ ဣဒံ အဋ္ဌိ နာမ ။ပ။ ပဋိကူလံ။
ဣဒံ အဋ္ဌိမိဉ္ဇံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ဝက္ကံ နာမ ။ပ။ ပဋိကူလံ။

(ဗုဒ္ဓဟူးနေ့ ရွတ်ရန်)

၄။ ဣဒံ ဟာဒယံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ယကနံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ကိလောမကံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ပိဟကံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ပပ္ဖါသံ နာမ ။ပ။ ပဋိကူလံ။

(ကြာသပတေးနေ့ ရွတ်ရန်)

၅။ ဣဒံ အန္တံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ အန္တဂုဏံ နာမ ပဋိကူလံ။ ဣဒံ ဥဒရိယံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ ကရီသံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ မတ္ထလုင်္ဂံ နာမ ။ပ။ ပဋိကူလံ။

(သောကြာနေ့ ရွတ်ရန်)

၆။ ဣဒံ ပိတ္တံ နာမ ။ပ။ ပဋိကူလံ။ ဣဒံ သေမှံ နာမ ။ပ။ ပဋိကူလံ။ အယံ ပုဗ္ဗော နာမ ။ပ။ ပဋိကူလော။ ဣဒံ လောဟိတံ နာမ ။ပ။ ပဋိကူလံ။ အယံ သေဒေါ နာမ ။ပ။ ပဋိကူလော။ အယံ မေဒေါ နာမ ။ပ။ ပဋိကူလော။

(စနေနေ့ ရွတ်ရန်)

၇။ ဣဒံ အဿု နာမ ။ပ။ ပဋိကူလံ။ အယံ ဝသာ နာမ ။ပ။ ပဋိကူလာ။ အယံ ခေဠော နာမ ။ပ။ ပဋိကူလော။ အယံ သိင်္ဃာဏိကာ နာမ ။ပ။ ပဋိကူလာ။ အယံ လသိကာ နာမ ။ပ။ ပဋိကူလာ။ ဣဒံ မုတ္တံ နာမ ။ပ။ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ပါဠိ ယောဂ္ဂေါ ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတ တော သုညော ပထဝီဓာတုယော၀။

[ဣလမေ၊ ဣဒံ၊ အယံ-တို့ကို ရှေ့ကဆိုခဲ့သည့်အတိုင်း ထည့်သွင်း၍ ဆင်ခြင်ပြီးလျှင် မုတ္တံ-တိုင်အောင် ရွတ်။ မုတ္တံကစ၍ "အာဂါဓာတုယေဝ" ဟု ဆိုလေ။ ခုနစ်ရက်ရွတ်]။

နံနက်ရွတ်စဉ် ပြီး၏။

## (၇-နေ့လုံး ရွတ်ရန်)

## မေတ္တာပို့

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာ ပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု ၊ပ၊ ပရိဟရန္တု။

အမှာကံ ဂေါစရဂါမေ ဇေဋ္ဌက မနုဿာ အဝေရာ ဟောန္တု ၊ပ၊ ပရိဟရန္တု။ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု ၊ပ၊ ပရိဟရန္တု။

ပုရတ္ထိမာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေ သတ္တာ ၊ပ၊ ပရိဟရန္တု။

မေတ္တာပို့ ပြီး၏။

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ပ၊ဝိသုဒ္ဓိယာ။

၃။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ပ၊ဝိသုဒ္ဓိယာ။

၄။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ။ ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ။ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

၅။ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

၆။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

၇။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

၈။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော၊

(ဤဂါထာကို တနင်္ဂနွေထောင့်ကစ၍ တနင်္ဂနွေထောင့် ကျအောင် ထပ်၍ရွတ်၊ ရေး၍လည်းဆွဲထား၊ စည်းဖြစ်၍ ဘေးရန်ကင်းသည်)။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။ ဓမ္မံ ပူဇေမိ။ သံဃံ ပူဇေမိ။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

ညဉ့်-နံနက်ရွတ်စဉ် ပြီး၏။

## သဗ္ဗေ သင်္ခါရာ စသော

## (၁) ဂါထာ အနက်

၁-၂-၃။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သင်္ခါရာ၊ အကြောင်းပြုသမျှ တော့ဘူမက တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ နိဗ္ဗာန်ပညတ်နှင့် တကွ စတုဘူမိက တရားတို့သည်။ အနတ္တာ၊ အစိုးရသော ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ မြင်သည်ရှိသော်။ ဒုက္ခေ၊ သံသရာ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ- ဧသော၊ ဤသို့ ငြီးငွေ့သော ဝိပဿနာဉာဏ်သည်။ ဝိသုဒ္ဓိယာ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်း တည်း။

၄။ ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာ သုံးပါးကို ပြည့်စုံစေကြကုန်လော့။ လောကသ္မိံ၊ လူ့ရွာ၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။ ခဲယဉ်းစွာ ရအပ်၏။ မနုဿတ္တဘာဝေါ၊ လူ၏အဖြစ်ကို။ ဒုလ္လဘော၊ ၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးတန် ကံ-ကံ၏ အကျိုးတို့ကို ကြည်ညိုခြင်း ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို။ ဒုလ္လဘာ၊ ၏။ (ဤ၌ သမ္ပတ္တိဟူ၍ ၎င်း, ခဏသမ္ပတ္တိ ဟူ၍ ၎င်း အချို့ပါဌ်ရှိကြ၏၊) ပဗ္ဗဇိတ ဘာဝေါ၊ ရသေ့, ရဟန်း အဖြစ်ကို။ ဒုလ္လဘော၊ ၏။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်း

တရားစကား နာကြားရခြင်းကို။ ဒုလ္လဘံ၊ ရနိုင်ခဲ၏။ ဝါ၊ ခဲယဉ်းစွာရအပ်၏။ (ဤ၌ အဘိသဒ္ဒါ စာမှာမပါ)။ ဝေံ၊ ဤသို့။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ သြဝဒိ၊ ဆုံးမခံပြန်တွင် ချွေဆေးအင်းပျဉ်၌ ရပ်၍ ဟောတော်မူ၏။

၅။ ဘိက္ခဝေ၊ တို့။ ဒါနိ၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်ခါနီးဖြစ်သော ယခုအခါ၌။ ဟန္ဒ၊ ငါတိုက်တွန်း၏။ ဝေါ၊ သင် ချစ်သားတို့ကို။ အာမန္တယာမိ၊ ငါခေါ်၍ သိစေတော်မူ၏။ သင်္ခါရာ၊ တေဘူမကသင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးချခြင်း သဘောရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်၊ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံစေကြကုန်လော့။

၆။ တွောဝတာဝ၊ သမန္တာ-ကစ၍ ရွတ်ဖတ် ခဲ့သမျှဝစီပယောဂ လုံ့လ ဝီရိယဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္မတံ၊ ကောင်းစွာ သည်းပူးအပ်ပြီးသော။ ပုည သမ္ပဒါ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ ဝါ၊ ပြည့်စုံပြီးသော ကောင်းမှုကို၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊ မိမိတို့ကိုယ်စီ လောကီ လောကုတ္တရာ အလုံးစုံသော စည်းစိမ်ချမ်းသာ ပြီးစီး အောင်မြင်ခြင်းငှါ။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု-သာဓု ခေါ်ကြစေကုန်သတည်း။

၇။ သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာပြီးစီးခြင်းငှါ၊ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဒ္ဓါယ၊

သဒ္ဓါယုံကြည်ခြင်းဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ လှူဒါန်းပေးကမ်းကြစေကုန် သတည်း။ သီလံ၊ သီလကို။ ရက္ခန္တု၊ စောင့်ရှောက်ကြစေကုန် သတည်း။ ဘာဝနာ ဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာ၌ လွန်စွာ မွေ့လျော် ပျော်ပိုက်ကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အာဂတာ၊ သမန္တာဖြင့် တရားနာရန် ဖိတ်မန်၍ လာရောက်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ မိမိတို့ ဝေယန်ဘုံဗိမာန်သို့ ပြန်သွားကြစေကုန်သတည်း။

၈။ ဗလပတ္တာ၊ ကိုယ်အားဆယ်တန်၊ ဉာဏ်အားဆယ်ပါးသို့ ရောက်တော်မူကုန်သော။ သမ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါစ၊ သဗ္ဗညု ဘုရားရှင်တို့၏၎င်း။ ပစ္စေကာနဉ္စ၊ ရှင်ပစ္စေကဗုဒ္ဓါတို့၏၎င်း။ ယံဗလံ၊ အကြင် အားစွမ်းသည်။ အတ္ထိ၊ ရှိ၏။ တေန ဗလေန၊ ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအားဖြင့်၎င်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တေဇေနစ၊ တန်ခိုး ရှိန်စော်-အာနုဘော်တော် အားဖြင့်၎င်း။ သဗ္ဗသော၊ ဆယ်မျက်နှာ ရပ်ခွင် ထက်ဝန်းကျင်မှ။ ရက္ခံ၊ ဘေးရန်အန္တရာယ် အကာအကွယ် အစောင့်အရှောက် အရံအတားကို။ ဗန္ဓာမိ၊ ဖွဲ့ဆီးရုံတားပါ၏။

သမ္ဗုဒ္ဓေ ဂါထာ (၈) ဂါထာအနက် ပြီး၏။

## ကျောင်းသား ကျင့်ဝတ် ၁၀-ပါး

၁။ စားဘွယ်သီးမျိုး၊ တကြိမ်ခိုး၊ ထမ်းပိုး ဒဏ်သုံးဆယ် ပါဘုရား။

၂။ နှစ်ကြိမ်ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းဝယ် မနေရပါဘုရား။

၃။ ဘိုးထိုက်ခိုးလျှင်၊ တကြိမ်ပင်၊ တိုက်တွင် မနေရပါ ဘုရား။

၄။ ကိုင်၍ ဒုတ်, မား၊ ခိုက်ရန်ပွား၊ ထွက်သွားကျောင်း တိုက်ကပါဘုရား။

၅။ ကစားမျိုးလိုက်၊ ကျောင်းသားမိုက်၊ ကျောင်း၌မနေ ရပါဘုရား။

၆။ ပုတီးကိုစိပ်၊ ငြိမ်ဆိတ်ဆိတ်၊ ဆေးလိပ်မသောက်ရပါ ဘုရား။

၇။ ညဥ့်ရောနံနက်၊ ရက်မပျက်၊ ဝတ်တက် အမှန်လိုက်ရ ပါသည်ဘုရား။

၈။ ညဥ့် နံနက်ရွတ်၊ ရန္တုတ်လွတ်၊ မပြတ် နေ့တိုင်းရွတ်ရပါ သည်ဘုရား။

၉။ ဝါပ-ဝါတွင်း၊ လေးသီတင်း၊ မပျင်း ဉပုသ်စောင့်ရ ပါသည်ဘုရား။

၁၀။ ပစ္စဝေက္ခဏာ၊ လိင်ဒဏ်ပါ၊ ရခါရှင်ပြုရပါသည်ဘုရား။

၁၁။ ကျင့်ဝတ်ဆယ်ပါး၊ မောင်ကျောင်းသား၊ မမှားကျင့် သုံးရပါသည်ဘုရား။

ရှင်ကျင့်ဝတ် ပြီး၏။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

# အလိုရှိသော စာအုပ်များကို မှာပါ

လောကီ လောကုတ္တရာ ကျမ်းစာအုပ် အမျိုးမျိုးကို
အဖိုးနှုန်း ချိုသာစွာဖြင့် ရနိုင်ပါသည်
ရပ်ဝေးမှ မှာယူပါက ကောင်းမွန်စွာ စာတိုက်မှ
( ဗီ-ပီ-ပီ ) နှင့် တင်ပို့ပေးပါသည်။

•

ဦးထွန်းကို-ဒေါ်ညွန့်

## ○ ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင် ○

ဆန္ဒမှူ ကျမ်းစာအုပ်များ အရောင်းကိုယ်စားလှယ်
၅၁/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ်
ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့

---

ဦးသိန်း

## ○ ပိဋကတ်မဏ္ဍိုင် စာအုပ်ဆိုင် ○

၈၊ ရွှေတိဂုံဘုရား စျေးတော်ရုံ
ဒဂုံစာတိုက်၊ ရန်ကုန်မြို့

---

ကိုဂွမ်ကြည်
ပိဋကတ် ကျမ်းစာများနှင့်

## ○ ပြည်လုံးချမ်းသာဆေးတိုက် ○

ဆိပ်ငယ်စျေးအနီး၊ မြိတ်မြို့